မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၃၁၉)

ပဏ္ဍိတာနဉ္စသေဝနာ ဧတံ မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် အောင်လံမြို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၈

မကွေးတိုင်း အောင်လံမြို့တွင် ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ လိုက်ပါလျက် ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီတွင် အောင်လံမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံ

ထို့မှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် အောင်လံမြို့ရှိ အောင်မြေရွှေဝါခန်းမသို့ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် အောင်လံမြို့ အင်ကုန်းရွာရှိ တောင်သူ ဦးဇော်ထက်အောင်၏ ကွင်းအမှတ်(၈၇)သို့ ရောက်ရှိကာ စိုက်ဧကငါးဧကအတွင်း ငွေချည်(၆)ချည်မျှင်ရှည်ဝါ သားခွဲ၊ ပေါင်းရှင်း၊ ကြားလိုက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဝါသီးနှံ

အောင်လံမြို့နယ်တွင် ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း ဝါသီးနှံဧက ၂၇၆၀၀ စိုက်ပျိုးရန် လျာထားသည့်အနက် ၉၅၈၃ ဧက၊ သရက်ခရိုင်တွင် ဧက ၁၁၄၈၀၀ လျာထားသည့်အနက် ၄၄၆၁၈ ဧကနှင့် မကွေးတိုင်းတွင် ၃၃၀၈၆၈ ဧက လျာထားသည့်အနက် ၁၁၅၈၁၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ဥသျှစ်ပင်ဘူတာ၌ ရထားလမ်းပိုင်း အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းအညွှန်း

ကမ္ဘာ့အထူးခြားဆုံး ကျေးငှက်မျိုးစိတ်

ကမ္ဘာပေါ်၌ ပထမဆုံး အသစ်တွေ့ရှိရသည့် ကျေးငှက်မျိုးစိတ်သစ် တစ်မျိုးကို အမေရိကန် သုတေသနပညာရှင်များက ဩဂုတ် ၁၆ ရက်တွင် တွေ့ရှိခဲ့ကြသည်။

ဇီဝသိပ္ပံ စာ - ၅

အသားအရေလှပရန် အသုံးပြုသည့် အလှဆီများကြောင့် အရေပြား၌ ကင်ဆာအကျိတ်များ ထွက်ပေါ်နိုင်

မျက်နှာနှင့် အသားအရေများ လှပချောမွေ့စေရန် အလှဆီများလိမ်းခြင်းသည် အရေပြားပေါ်၌ အကျိတ်များ ထွက်ရှိစေရန် တွန်းအားပေးကြောင်း၊ အထူးသဖြင့် ကင်ဆာအကျိတ်များ ဖြစ်စေနိုင်ကြောင်း သုတေသနပြုချက်၌ ပါရှိသည်။

အင်တာနက်ကျန်းမာရေး စာ - ၅

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ပညာဆီမီးတိုင်များစွာကြောင့် လောက၏ အမိုက်မှောင်များကို ဖယ်ခွာ ရှင်းလင်းနိုင်ကြပါသည်။ လောကသည် ပိုမိုလင်းကျင်း တောက်ပလာပါလိမ့်မည်။ စိတ်ကောင်း၊ စေတနာကောင်း၊ ကိုယ်ကျင့်တရားကောင်း၊ လုပ်ရည်ကိုင်ရည်ကောင်း၊ စွမ်းရည်ကောင်းများရှိသည့် ပြည်သူ ပြည်သားကောင်းများ တိုးတက်ပွားများ ထွန်းကားလာပါလိမ့်မည်။

ခင်ဆွေမြင့်(မြန်မာစာ)၏ ဆောင်းပါး စာ - ၁၀

19-8 (01).pmd 1 8/20/2008, 2:35 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၁၉ ရက်)

အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်ရန် မျိုးဆက်သစ်လူငယ်များ ဆက်လက်ထိန်းသိမ်း

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးအတွက်သာမက ရိုးရာယဉ်ကျေးမှု အမွေအနှစ် ရှင်သန်ထွန်းကားရေးကိုပါ မြှင့်တင်ခြင်းဖြစ်သည်။

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုများ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပခဲ့ရာ (၁၆)ကြိမ်တိုင်တော့မည် ဖြစ်သည်။

မြန်မာ့အနုပညာရပ်သည် မြန်မာ့သဘာဝ၊ မြန်မာ့ဓလေ့စရိုက်ကို ပီပြင်စွာ ထင်ဟပ်ဖော်ကျူးနိုင်သည့် သုခုမပညာရပ်ပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် အမျိုးသားရေးဥပဓိရုပ်လက္ခဏာ လျော့ပါးပျောက်ဆုံးမသွားစေရန်အတွက် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

မြန်မာတို့သည် နက်နဲသိမ်မွေ့သည့် အတွေးအခေါ်၊ မြော်မြင်မှုသဘောတရား၊ ထေရဝါဒ ဗုဒ္ဓဘာသာ၏ နက်ရှိုင်းလေးနက်သည့် အဆုံးအမ တရားများ၊ လူသားချင်း စာနာထောက်ထားမှု၊ တန်းတူရည်တူရှိမှုတို့ကို အခြေခံထားသည့် လူမှုကျင့်ဝတ်များနှင့် ပေါင်းစည်းယှက်နွယ်ပြီး မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက် ထုံးတမ်းစဉ်လာကောင်းများကို မြန်မာ့သမိုင်းဦးအစကာလကပင် ပိုင်ဆိုင်လာခဲ့ကြသူများ ဖြစ်ကြသည်။

သို့ဖြစ်လေရာ မျိုးဆက်သစ်လူငယ်များသည် မြန်မာလူမျိုးတို့၏ သမိုင်းကြောင်း၊ ခိုင်မာသည့် ယဉ်ကျေးမှုအဆင့်အတန်းကို သိရှိခံစားပြီး တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လွှမ်းမိုးမှုကို အနုပညာစွမ်းပကားဖြင့် တားဆီးကာကွယ်၍ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်-ဗုဒ္ဓ တက္ကသိုလ် ဘွဲ့လက်မှတ်နှင့် အောင်လက်မှတ်ပေးအပ်မည်

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်အတွင်း၌ ဖွင့်လှစ်ထားရှိသော ရန်ကုန်-ဗုဒ္ဓတက္ကသိုလ်မှ ၂၀၀၆-၂၀၀၇ပညာသင်နှစ်တွင် B.A (Indo Àryan) ဘာသန္တရဆေက၊ ဓမ္မာစရိယဘွဲ့ရရှိသော ကျောင်းသား ကျောင်းသူများနှင့် အတန်းအသီးသီးတွင် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဘွဲ့လက်မှတ်နှင့် အောင်လက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၁၉-၈-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
၆:၄၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စံပါပဲ** (အပိုင်း-၈)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **စိတ်တူကိုယ်တူ ညီတူအသင်းအဖွဲ့**
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း -၄၁)

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ဆည်မြောင်းဦးစီးဌာန ပါဝင် လိုအပ်သောစက်ယန္တရားများ ဖြည့်ဆည်းပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဩဂုတ် ၁၁ရက် ညနေပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ ဆည်မြောင်းဦးစီးဌာန စက်မှုတိုင်း (၁) စက်မှုအလုပ်ရုံ၌ ဆည်၊ ရေလှောင်တမံတည်ဆောက်ရေးစီမံကိန်းများ၌ ပင်မတမံ တည်ဆောက်မှုလုပ်ငန်း အောက်ခြေပိုင်း ရေစိမ့်တားနံရံ ပြုလုပ်ရာတွင် အသုံးပြုရန်ရောက်ရှိလာသော Hydraulic Grab Carrier စက်တပ်ဆင်လေ့ကျင့်မောင်းနှင်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် စက်မှုလုပ်ငန်းခွင် သင်တန်းကျောင်းခန်းမ၌ ပြည်နယ်နှင့်တိုင်းများမှ စက်မှုအင်ဂျင်နီယာများ၊ စက်ကိရိယာကိုင်တွယ် အသုံးပြုသူများအား တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆည်မြောင်းဦးစီးဌာနက ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သောစက်ယန္တရားများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ စက်စွမ်းအားပြည့်အသုံးပြုနိုင်ရေးနှင့် ပျက်စီးမှုမရှိအောင် ထိန်းသိမ်းကိုင်တွယ်ရေး၊ ပျက်စီးမှုရှိခဲ့ပါက ချက်ချင်းပြန်လည် အစားထိုးအသုံးပြုနိုင်အောင် ပြုပြင်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရန်ကုန်မြို့ ကိုးမိုင် ပြည်လမ်းရှိ ဆည်မြောင်းဦးစီးဌာန စက်မှုတိုင်း(၁)၊ စက်မှုအလုပ်ရုံ၌ ဆည်ရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်းများတွင် အသုံးပြုရန် Hydraulic Grab Carrier စက်တပ်ဆင်လေ့ကျင့် မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း ယောဂီများ စိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ရေးအတွက် စုပေါင်းဆောင်ရွက် ဆောက်လုပ်လျက်ရှိသော လေးထပ်ဘောဇနဆောင်အတွက် ဆရာတော် ဦးသံဝရ ပုဂံလမ်း ရွှေပေါက်ကံက ငွေကျပ်တစ်သိန်း၊ ဗိုလ်ကြီးကျော်မြင့်အား ရည်စူး၍ ဇနီး ဒေါ်သင်းသင်းနှင့် မိသားစု ဒဂုံမြို့နယ်က ငွေကျပ် တစ်သိန်းတစ်သောင်း၊ ဦးချစ်တင်အား ရည်စူး၍ ဒေါ်စန်းစန်းနှင့် သားသမီးများ ကျိုက္ကဆံလမ်း တာမွေက ငွေကျပ်တစ်သိန်း၊ ဒေါ်ထွေးကြည် မိသားစု မင်္ဂလာတောင်ညွန့်က ငွေကျပ် နှစ်သိန်း၊ ဦးအောင်ကြည်-ဒေါ်စန်းစန်းဝင်း မိသားစု မင်္ဂလာတောင်ညွန့်က ငွေကျပ် တစ်သိန်း၊ ဦးသိန်းအောင်-ဒေါ်အမာကြည် သုဝဏ္ဏက ငွေကျပ်တစ်သိန်း၊ ဦးကိုကိုကြီး-ဒေါ်သန်းသန်းနု၊ သားသမီး၊ မြေးတစ်စု လှည်းကူးက ငွေကျပ် တစ်သိန်း၊ ဦးသန်းစိန်-ဒေါ်မြင့်မြင့်အေးမိသားစု ထားဝယ်မြို့က ငွေကျပ်တစ်သိန်း၊ နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဒေါက်တာ ဦးမြင့်အား ရည်စူး၍ ဒေါ်ခင်မြင့် ရွှေဂုံတိုင် ဗဟန်းက ငွေကျပ် တစ်သိန်း၊ ဦးအုန်းခိုင် (ကန်သာစိမ်းလဲ့) မိသားစု ဓမ္မစေတီလမ်း ဗဟန်းက ငွေကျပ်တစ်သိန်း အသီးသီး လှူဒါန်းကြသည်။

ဆက်သွယ်နိုင်

ဘောဇနဆောင် အမြန်ပြီးစီးနိုင်ရေး စုပေါင်းဆောင်ရွက်လိုပါက ဖုန်း- ၅၄၁၈၆၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ပေးအပ်

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အမှုဆောင်အဖွဲ့ ၂/၂၀၀၈-၂၀၀၉ လစဉ် ပုံမှန်အစည်းအဝေးကို ဩဂုတ် ၉ရက်က အသင်းတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက အသင်းရန်ပုံငွေအတွက် ငွေကျပ်တစ်သိန်းကို အသင်းနာယက မဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဗိုလ်မှူးကြီး စည်သူစောမြင့်(ငြိမ်း)ထံ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

■ *ရှေ့ဖုံးမှ*

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် အောင်လံမြို့နယ် ဒုရင်္ဂဗိုလ်ရှိ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန၏ ဒုရင်္ဂဗိုလ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ရောက်ရှိပြီး ဒုရင်္ဂဗိုလ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ မြစ်ရေတင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် အောင်လံမြို့နယ် ကွမ်လောင်းကျေးရွာအုပ်စုရှိ တောင်သူ ဒေါ်ခင်စန်း၏ စိုက်ဧက ၃ဒသမ၁၀ဧကအတွင်း မနောသုခမျိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုကိုလည်းကောင်း၊ တစ်ဆက်တစ်စပ်တည်းရှိသော လယ်မြေများရှိ လက်တွန်းထွန်စက်များဖြင့် ထွန်ယက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုအားပေးကာ တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ဥသျှစ်ပင်ဘူတာ ရထားလမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အပိုင်းသုံးပိုင်း

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကြံခင်း-ပခုက္ကူရထားလမ်းပိုင်း ဖောက်လုပ်ရေးစီမံကိန်းသည် ခန့်မှန်းမိုင် ၃၂၀ ရှည်လျားပြီး အပိုင်းသုံးပိုင်း ခွဲခြား၍ စီမံကိန်းအလိုက် ဆောင်ရွက်လျက်ရှိရာ ကြံခင်း-သရက်အပိုင်းတွင် မိုင် ၁၁၀၊ သရက်-ပွင့်ဖြူအပိုင်းတွင် မိုင် ၁၀၀နှင့် ပွင့်ဖြူ-ပခုက္ကူအပိုင်းတွင် မိုင်၁၁၀ ပါဝင်သည်။

ကြံခင်း-သရက် ရထားလမ်းပိုင်းတွင် ကြံခင်း-ဥသျှစ်ပင်အပိုင်း မိုင် ၄၀၊ ဥသျှစ်ပင်-ကံမအပိုင်း ၃၅မိုင်နှင့် ကံမ-သရက်အပိုင်း ၃၅မိုင်တို့ကို ဦးစားပေး ဖောက်လုပ်လျက်ရှိရာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ်၂၃ရက် (စနေနေ့) နံနက်၉နာရီခွဲမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ Function Hall ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ပါဝင်လှူဒါန်းလိုသူများအနေဖြင့် MGS အသင်းရုံးခန်း ဖုန်း-၅၁၉၆၇၆ လိုင်းခွဲ ၅၀၁၊ ဦးကြိုင်စိန် ဖုန်း-၂၂၅၅၆၉၊ ၀၉-၂၀-၄၂၀၅၄၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၁-၅၁၃၀၉၊ ဦးရီစိန် ဖုန်း-၃၈၇၂၀၅၊ ၀၉-၅၀-၄၀၄၁၁၊ ဒေါက်တာဇော်ဝင်း ဖုန်း-၅၃၄၅၀၉နှင့် ဒေါက်တာတင်ဋ္ဌေးမူ ဖုန်း-၆၆၀၆၃၁၊ ၀၉-၅၁-၅၃၄၄၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမှူးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမှူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

ဝါတွင်းကာလ တရားစခန်း

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် မြို့ဦးစေတီ ဘူတာရုံ ဓမ္မရိပ်သာ ကျောင်းတိုက်၌ မဂ္ဂင်ရိပ်သာကျောင်းတိုက်ဆရာတော် ဦးပဏ္ဍိတသည် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဒုတိယအကြိမ် ဝါခေါင်လပြည့်ကျော် ၁၀ရက်မှ ဝါခေါင်လကွယ်နေ့အထိ (ဩဂုတ်၂၆ရက်)အင်္ဂါနေ့မှ (ဩဂုတ် ၃၀ရက်)စနေနေ့အထိ တရားစခန်းဖွင့်လှစ်ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုကြသည့် ယောဂီများသည် ဖုန်း-၀၉-၅၀-၃၆၇၁၄သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒုတိယမြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

ဒုတိယမြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈နာရီခွဲက ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ တရားရုံးချုပ် လေ့ကျင့်ရေးဌာန (လှိုင်သာယာ)၌ ကျင်းပရာ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ တရားရုံးချုပ်တရားသူကြီးများ၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းတရားသူကြီးများ၊ ခရိုင်တရားသူကြီးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းသို့ ပြည်နယ်နှင့်တိုင်း တရားရုံးများမှ သင်တန်းသား သင်တန်းသူ ၆၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၈-၂၀၀၈ ရက် (အင်္ဂါနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **"ဗုဒ္ဓ၏ အကောင်းဆုံးတရား"** တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
- ၈:၀၀-၂:၀၀ စဥ့်ကူးမြို့မှအလင်းအိမ်
- ၈:၂၀-၂:၂၀ Sunday Talk
- ၉:၀၅-၃:၀၅ တေးဂီတအစီအစဉ်
- ၉:၁၀-၃:၁၀ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်၏ တရားရှုမှတ်ခြင်းများ
- ၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅-၃:၂၅ Shopping Guide (Star Bus Computer Sales Services & Networking)
- ၉:၄၅-၃:၄၅ တေးဂီတအစီအစဉ်
- ၉:၅၀-၃:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၅၅-၃:၅၅ **စက်မှုဖွံ့ဖြိုး ဒို့တိုင်းပြည်အကျိုး** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင် (ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး (ဒါရိုက်တာ-တင်အောင်ရွှေ-သုတေသီ)
- ၁၀:၂၀-၄:၂၀ တေးဂီတအစီအစဉ်
- ၁၀:၂၅-၄:၂၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၃၀-၄:၃၀ MRTV-4 စာအုပ်စင်ကဏ္ဍ [True News (သစ္စာဂျာနယ်) နှင့် တွေ့ဆုံခြင်း]
- ၁၀:၅၀-၄:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅-၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၀၅-၅:၀၅ ဘိုင်းဒါးရေလှောင်တမံ
- ၁၁:၁၅-၅:၁၅ တေးဂီတအစီအစဉ်
- ၁၁:၂၀-၅:၂၀ ခေတ်မီ ပျားမွေးမြူရေးလုပ်ငန်း (ပျားရည်ထုတ်လုပ်ရေး)
- ၁၁:၅၀-၅:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၅၅-၅:၅၅ စားချင်စဖွယ် နည်းအသွယ်သွယ်(ငါးအသားလွှာပဲငါးပိနှင့် ငါးရှဉ့်ခြောက်စပ်)
- ၁၂:၁၀-၆:၁၀ တေးဂီတအစီအစဉ်
- ၁၂:၂၀-၆:၂၀ မွေ့အန္တရာယ်နှင့် မွေ့အန္တရာယ်ကြောင့် ကျောက်ကပ်ပျက်စီးခြင်းကို ကာကွယ်ကုသခြင်း (ပါမောက္ခ ဒေါက်တာစောနောင်)
- ၁၂:၄၀-၆:၄၀ Music Gallery (မို့မို့ဇော်ဝင်း-နှလုံးသားမေတ္တာပန်းခင်း-၁)
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

U-21 International Friendies ဘောလုံးပွဲ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	England-Slovenia	Star Sports(Live)

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

ညနေပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၃:၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4 (Live)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၈-၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ **အလျော်အစား** အကယ်ဒမီဇင်ပိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၈:၁၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ အကပြိုင်ပွဲ
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၃၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအကများ
- ၄:၃၀ ၄။ အတီးပြိုင်ပွဲ
- ၄:၃၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၄၀ ၆။ **ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်** လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ-စိုးကျော်ဆန်း)
- ၅:၀၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅:၁၅ ၈။ အဆိုပြိုင်ပွဲ
- ၅:၂၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းပျိုးလက်** (အပိုင်း-၂)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မျက်ဝန်းရိပ်** (အပိုင်း-၂)
- ၁၉။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း သုတေသနစာတမ်းများဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံကို ၂၀၀၉ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အတွင်း ကျင်းပမည်ဖြစ်၍ အဆိုပါအသင်းသားစုံညီ ညီလာခံကို ကြိုဆိုသောအားဖြင့် အင်ဂျင်နီယာဘာသာရပ်ပေါင်းစုံ စာတမ်းဖတ်ပွဲများကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ တက္ကသိုလ်များ လှိုင်နယ်မြေ (လှိုင်မြို့နယ်) ရန်ကုန်မြို့တွင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ဆက်သွယ်မေးမြန်း

အဆိုပါစာတမ်းဖတ်ပွဲကို စိတ်ပါဝင်စားသူများအနေဖြင့် မိမိတို့ ဖတ်ကြားလိုသော သုတေသနစာတမ်းများ၏ စာတမ်းအကျဉ်းချုပ်ကို စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တက္ကသိုလ်များ လှိုင်နယ်မြေ (လှိုင်မြို့နယ်) ရန်ကုန်မြို့သို့ လိပ်မူ၍ စက်တင်ဘာ ၃၀ရက်ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း ပေးပို့ရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိလိုသည့်အချက်များကို ဒေါ်အေးအေးမော် ရုံးအဖွဲ့မှူး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဟားခါးမြို့ သာယာလှပရေး ပန်းအလှပင်စိုက်ပျိုး

ဟားခါး ဩဂုတ် ၁၈

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ညွှန်ကြားမှုဖြင့် ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဩဂုတ်၁၅ရက် နံနက်ပိုင်းက အဖွဲ့ပိုင်ပန်းခြံအတွင်း ပြည်သူများအပန်းဖြေရာတွင် မျက်စိပသာဒရှိပြီး ဒေသနှင့်ကိုက်ညီသော ပန်းအလှမျိုးစုံကို မြို့နယ်အမှုဆောင်အရာရှိ ဦးထပ်မန်း ဦးဆောင်သောအဖွဲ့ ဝန်ထမ်းများက စုပေါင်းအလှဆင်စိုက်ပျိုးကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဂျော်ဂျီယာမှ ရုရှားတပ်ဖွဲ့ဝင်များ အဆင့်ဆင့် ရုပ်သိမ်းနေပြီ

မော်စကို ဩဂုတ် ၁၈

ဂျော်ဂျီယာမှ ရုရှားတပ်ဖွဲ့ဝင်များ အဆင့်ဆင့်ရုပ်သိမ်းနေပြီဖြစ်ကြောင်း ဂျော်ဂျီယာရှေ့တန်း ရုရှားတပ်မှူး ဗိုလ်ချုပ် မိုက်ယာချီစလပ်ဘောရစ်ဆော့ဗ်က ဩဂုတ် ၁၈ ရက်တွင် ပြောကြားပြီး ရုရှားတပ်ဖွဲ့ဝင်များအား ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်များဖြင့် အစားထိုးရန် အမိန့်ချမှတ်ထားကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထိုးစစ်ဆင်

ဂိုရီမြို့မှ ရုရှားတပ်ဖွဲ့ဝင်များ အပြည့်အဝရုပ်သိမ်းရန် အချိန်ဇယားမရှိကြောင်း ရုရှားကကြေညာသည်။ ရုရှားထောက်ခံသည့် တောင်ပိုင်း အော်ဆက်တီယား ခွဲထွက်ပြည်နယ်ကို ပြန်သိမ်းရန် ဂျော်ဂျီယာတပ်များ ရုတ်တရက် ထိုးစစ်ဆင်လိုက်သည့်အတွက် ဩဂုတ် ၇ရက်က ဂျော်ဂျီယာနှင့်ရုရှား ပဋိပက္ခဖြစ်ပွားရခြင်းဖြစ်သည်။ ထို့နောက် ရုရှားတပ်များ ဂျော်ဂျီယာနိုင်ငံ တန်ပြန်ထိုးစစ်ဆင်ခဲ့သည်။

ရုရှားတပ်ဖွဲ့ဝင်များရုပ်သိမ်းရန် အမေရိကန်က တောင်းဆိုသည်။ သို့သော် လုံခြုံရေးအစီအစဉ်များချပြီးသည်နှင့် တစ်ပြိုင်တည်း ဂျော်ဂျီယာမှ ရုပ်သိမ်းမည်ဟု ရုရှားအစိုးရကကြေညာသည်။ ထိုအတောအတွင်း ရုရှားလိုလားသည့် အခါဇီးယား ခွဲထွက်ရေးသမားများကလည်း ကျေးရွာ ၁၃ ရွာနှင့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံကို သိမ်းပိုက်ထားသည်ဟု ဂျော်ဂျီယာက စွပ်စွဲသည်။ **(အင်တာနက်)**

အိုဘားမား၏ ရွေးကောက်ပွဲရန်ပုံငွေ ဇူလိုင်လအတွင်း ဒေါ်လာ ၅၁ သန်းရရှိခဲ့

ဝါရှင်တန် ဩဂုတ် ၁၈

နိုဝင်ဘာလဆန်းတွင် ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်မည့် ဘားရက်အိုဘားမားအနေဖြင့် ဇူလိုင်လအတွင်းတွင် ရွေးကောက်ပွဲရန်ပုံငွေ ဒေါ်လာ ၅၁ သန်းစုဆောင်းမိကြောင်းသူ့ရွေးကောက်ပွဲစည်းရုံးရေးအဖွဲ့က ဩဂုတ် ၁၆ ရက်တွင် ကြေညာသည်။

ပြောကြား

အိုဘားမား၏ရွေးကောက်ပွဲ ရန်ပုံငွေသို့ ပြည်သူ ၆၅၀၀၀၀တို့က ထည့်ဝင်ခြင်းမှာ ထုံးစံအတိုင်း အမေရိကန်အစိုးရကို အခြေအမြစ်ပါ ပြောင်းလဲပစ်ရန် အမေရိကန်ပြည်သူတို့ မည်မျှစိတ်ပြင်းပြစွာ ဆန္ဒရှိမျှော်မှန်းထားကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟု အိုဘားမား ရွေးကောက်ပွဲစည်းရုံးရေးအဖွဲ့ မန်နေဂျာက ပြောကြားလိုက်သည်။

အိုဘားမားနှင့် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်အရွေးခံမည့် ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းမှာမူ ဇူလိုင်လအတွင်းတွင် ရွေးကောက်ပွဲရန်ပုံငွေဒေါ်လာ ၂၇သန်းသာ ရရှိသည်။ **(အင်တာနက်)**

မြန်မာ့အလင်း ၁၈-၈-၂၀၀၈ အာရှလေကြောင်းလုပ်ငန်းဆိုင်ရာ သတင်းပဒေသာ

အာရှအလယ်ပိုင်း၌ အကြီးဆုံးလေဆိပ် တည်ဆောက်မည်

ဥဇဘက်ကစ္စတန်နိုင်ငံ နာဗိုရီမြို့ရှိ နာဗိုရီလေဆိပ်ကို အာရှအလယ်ပိုင်း၌ အကြီးဆုံးလေဆိပ်အဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့လေဆိပ် တည်ဆောက်ရာတွင် တောင်ကိုရီးယားနိုင်ငံမှ တည်ဆောက်ရေးလုပ်ငန်း ဟာမိုယိုလာရီနှင့် ပူးတွဲဆောင်ရွက်ရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ဥဇဘက်ကစ္စတန် လေကြောင်းလုပ်ငန်းက သတင်းထုတ်ပြန်သည်။

ဂျပန်လေကြောင်းလိုင်းအချို့ ခရီးစဉ်လျှော့ချမည်

ဂျပန်လေကြောင်းလိုင်းများအနေဖြင့် လေကြောင်းခရီးစဉ်အချို့ကို လျှော့ချသွားမည်ဖြစ်ကြောင်း၊ ယင်းမှာ လောင်စာဈေးနှုန်းမြင့်တက်လာမှုက အချက်တစ်ရပ်ဖြစ်ကြောင်း၊ ဂျပန်လေကြောင်းလိုင်းများဖြစ်သည့် ဂျေအေအယ်လ်နှင့် အေအင်န်အေတို့အနေဖြင့် ပြည်တွင်းလေကြောင်းလိုင်းအချို့ကိုလည်း လျှော့ချသွားမည်ဖြစ်ကြောင်း ဂျပန်လေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောကြားသည်။ **(အပေါ်ပုံ)**

ဝန်ဆောင်မှုအကောင်းဆုံးဆု စင်ကာပူ အဲလိုင်းရရှိ

စင်ကာပူနိုင်ငံရှိ စင်ကာပူအဲလိုင်းသည် ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် ဝန်ဆောင်မှု အကောင်းဆုံးပေးနိုင်သော လေကြောင်း လိုင်းအဖြစ် ရွေးချယ်ခံရပြီး အဲနယူး ဇီလန်က ဒုတိယနှင့် ဗြိတိသျှအဲဝေးစ် လေကြောင်းလိုင်းက တတိယ ရရှိခဲ့ ကြောင်း စကိုင်းထရက်စ်ဆု ရွေးချယ်ရေး အဖွဲ့က သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

အေ-၃၈၀ ဂျမ်ဘိုခရီးသည်တင်လေယာဉ် ပေကျင်းခရီးစဉ်အောင်မြင်

စင်ကာပူအဲလိုင်း (အက်စ်အိုင်အေ)မှ အေ -၃၈၀ဂျမ်ဘိုခရီးသည်တင် လေယာဉ်သည် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ စတင်ပျံသန်းပြေးဆွဲနေပြီဖြစ်ရာ ခရီးသည်စီးနင်းမှုများပြားနေသဖြင့် အောင်မြင်မှုရရှိလျက်ရှိကြောင်း၊ အဆိုပါ အေ -၃၈၀ဂျမ်ဘို ခရီးသည်တင် လေယာဉ်ကြီးသည် ဝန်ထမ်း ၂၅ဦးနှင့်အတူ ခရီးသည် ၃၈၅ဦး တင်ဆောင်ပျံသန်းနိုင်ကြောင်း၊ လေယာဉ်ခရီးစဉ်များတိုးချဲ့ပျံသန်းရန် စီစဉ်လျက်ရှိကြောင်း အက်စ်အိုင်အေမှ အရာရှိများက ပြောကြားသည်။

အိန္ဒိယနှင့်ယူအေအီးတို့ လေယာဉ်ပူးတွဲထုတ်လုပ်မည်

အိန္ဒိယ လေကြောင်းလုပ်ငန်းနှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)ရှိ အဘူဒါဘီအခြေစိုက် အီတီဟတ်လေကြောင်းလိုင်းတို့ ပူးပေါင်းပြီး လေယာဉ်များထုတ်လုပ်သွားရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း၊ အဆိုပါသဘောတူညီချက်အရ အမေရိကန် ဒေါ်လာဘီလီယံ၂၀ ရင်းနှီးမြှုပ်နှံကာ ခရီးသည်လေယာဉ်များ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ယူအေအီးအရာရှိများက ပြောကြားသည်။

အဲဘတ်စ်-၃၂၀လေယာဉ်များ တရုတ် ထုတ်လုပ်မည်

တရုတ်နိုင်ငံက အဲဘတ်စ်-၃၂၀လေယာဉ်များကိုထုတ်လုပ်သွားမည်ဖြစ်ရာ ၂၀၀၉ခုနှစ်အတွင်း အဲဘတ်စ်- ၃၂၀ လေယာဉ်သုံးစင်း စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း၊ လေယာဉ်များ စတင်တည်ဆောက်မှုကို ယခုလမှစတင်နေပြီဖြစ်ကြောင်း၊နိုင်ငံတကာလေယာဉ်များ၏ စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း တရုတ်လေကြောင်း လုပ်ငန်းမှ အရာရှိများက ပြောကြားသည်။

ထိုင်းတောင်ပိုင်းပြည်နယ် မီးရထားသံလမ်း၌ အင်အားပြင်းဗုံး တွေ့ရှိ

ဗန်ကောက် ဩဂုတ် ၁၈

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ် ရူဆိုဒေသ၌ ဩဂုတ် ၁၆ ရက်နံနက်ပိုင်းက ၎င်းပြည်နယ်၏ အဓိကမီးရထားဘူတာရုံသံလမ်း၌ သောင်းကျန်းသူများ ထောင်ထားသည့် ဗုံးကိုတွေ့ရှိရာ စစ်ဆေးသူအမှုထမ်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။

ယင်းဖြစ်ပွားမှုကြောင့် ရထားခရီးစဉ်များ ခေတ္တရပ်ဆိုင်းထားသည်။ အဆိုပါဗုံးသည် အလေးချိန် ၁၀ ကီလိုဂရမ် ရှိပြီး သံသေတ္တာအတွင်း ထည့်သွင်းထောင်ထားခြင်း ဖြစ်ကြောင်း ရူဆိုဒေသရှိ မီးရထားသံလမ်း တစ်လျှောက်တွင် တာဝန်ခံ စစ်ဆေးရေး ဝန်ထမ်းများက အဆင့်ဆင့် ဖုန်းဖြင့် ဆက်သွယ်ကာ စစ်ဆေးလျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံခြားသား ဒုက္ခသည်စခန်းများ တောင်အာဖရိက၌ မကြာမီပိတ်ဖွယ်ရှိ

ကိတ်တောင်း ဩဂုတ် ၁၈

တောင်အာဖရိကနိုင်ငံတွင် မေလအတွင်းက နိုင်ငံခြားသားများအပေါ် အကြမ်းဖက်မှုများ ဆက်တိုက်ကျူးလွန်သဖြင့် နေအိမ်မှထွက်ပြေးကြရသူ ထောင်ပေါင်းများစွာ လက်ခံထားသည့် စခန်းခြောက်ခုကို မကြာမီ ပိတ်ပစ်ကောင်းပိတ်ပစ်မည်ဟု သိရသည်။

စီရင်ဆုံးဖြတ်

သို့သော် ထောက်ပံ့ရေးအဖွဲ့တစ်ဖွဲ့က ဥပဒေကြောင်းအရ စာဒကတက်ပါက ဒုက္ခသည်စခန်းများ ပိတ်ပင်ရေးမှာ ကြန့်ကြာကောင်း ကြန့်ကြာ သွားနိုင်မည်ဆိုသည်။ ၎င်းကိစ္စနှင့် စပ်လျဉ်း၍ တောင်အာဖရိက နိုင်ငံဖွဲ့စည်းပုံအခြေခံ ဥပဒေအရ တရားရုံးက စီရင်ဆုံးဖြတ်ရမည်ဖြစ်သည်။

ဖွင့်လှစ်

လူဝင်မှုပြဿနာဆိုင်ရာ အဓိကရုဏ်းများဖြစ်ပွားပြီးနောက် လူပေါင်း ၆၀ သေဆုံးရပြီး ထောင်ပေါင်းများစွာသော ပြည်သူတို့ အိုးအိမ်စွန့်ထွက်ပြေးကြရသဖြင့် ထိုဒုက္ခသည် စခန်းခြောက်ခုကို မေလအတွင်းက ဖွင့်လှစ်ခဲ့သည်။

နိုင်ငံခြားသား ဒုက္ခသည်များအနေဖြင့် ကိုယ့်အိမ်ကိုယ်ပြန်ရန် စိတ်ချရပြီဟု ဂေါတန်ပြည်နယ်အစိုးရက ကြေညာသည်။ **(အင်တာနက်)**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သတင်းအက်ဆေး

အက်စစ်မိုး၏ ဆိုးကျိုးများ

*အက်စစ်မိုး(acid rain)ဟူသည် ဆာလ်ဖျူရစ် သို့မဟုတ် နိုက်ထရစ် အက်စစ်များ ပါဝင်မှုနှုန်း မြင့်မားသောမိုး(rain)၊နှင်းပွင့်**(ယာပုံ)**(snow)၊ မိုးနှင်း(sleet)၊ မိုးသီး (hail)၊ မြူထု(fog)၊ နှင်းပေါက် (dew)တို့၏ ရွာသွန်းမှုကို ရည်ညွှန်းသည်။*

*ဆာလ်ဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်နှင့် အခြားဒြပ်မှုန့်များသည် လေထုလွှာအတွင်းရှိ ရေခိုးရေငွေ့များနှင့် ပေါင်းဖွဲ့မိရာမှ အက်စစ်မိုးဖြစ်ပေါ်ပြီး ယင်းမိုးကြောင့် သောက်သုံးရေ ညစ်ညမ်းစေနိုင်သကဲ့သို့ သဘာဝပေါက်ပင်များ(natural vegetation) ရေနေသတ္တဝါများနှင့်အပင်များ**(အောက်ပုံ)** (aquatic life)ကိုလည်း ထိခိုက်ပျက်စီးနိုင်သည်။ ၎င်းအပြင်အဆောက်အအုံများနှင့် ထိန်းသိမ်းစောင့်ရှောက်ထားသော သမိုင်းဝင်အဆောက်အအုံများလည်း တိုက်စားခံရမှု ရှိနိုင်သည်။*

မော်တော်ယာဉ်မီးခိုးများနှင့် စက်မှုလုပ်ငန်းသုံးလောင်စာ လောင်ကျွမ်းမှုတို့ကြောင့် အက်စစ်မိုး ဖြစ်ပေါ်နိုင်သည်။ ယင်းလောင်စာတွင် ဆာလ်ဖာပါဝင်မှုနှုန်း မြင့်မားသည်။ မီးတောင်မှ မှုတ်ထုတ်သော ဓာတ်ငွေ့များနှင့် တောမီး လောင်ကျွမ်းမှုများကဲ့သို့သော သဘာဝ အကြောင်းတရားများကြောင့်လည်း အက်စစ်မိုး ရွာသွန်းနိုင်သည်။

အက်စစ်မိုးသည် ၁၉၅၀ပြည့်လွန်နှစ်များမှစ၍ ကြီးမားသည့် ပြဿနာတစ်ရပ်ဖြစ်လာသည်။ အထူးသဖြင့် အမေ

ရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း၊ ကနေဒါနှင့် စကင်ဒီနေဗီးယားနိုင်ငံများတွင် အက်စစ်မိုးရွာသွန်းမှုကို ခါးစည်းခံလာရသည်။

၁၉၈၀ပြည့်လွန်နှစ်များတွင်အက်စစ်မိုးကြောင့် နိုင်ငံရေး ပြဿနာတစ်ရပ် ပေါ်ပေါက်ခဲ့သည်။ အမေရိကန်နိုင်ငံဘက်မှ လွင့်မျောလာသောညစ်ညမ်းစေသည့် ဒြပ်မှုန်များကြောင့် မိမိတို့နိုင်ငံရှိ သစ်တောများနှင့် ရေအရင်းအမြစ်များ ထိခိုက်ရသည်ဟု ကနေဒါနိုင်ငံက စွပ်စွဲခဲ့သည်။ ထိုအချိန်မှစ၍ လျှပ်စစ်ဓာတ်အား စက်ရုံများမှ ဆာလ်ဖာဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုများအား ထိန်းချုပ်နိုင်ရန် မြောက်အမေရိကနှင့် ဥရောပတို့၌ ဥပဒေများ ရေးဆွဲချမှတ်ခဲ့ကြသည်။ ယင်းဥပဒေများအနက် အမေရိကန် လေထုသန့်စင်ရေး အက်ဥပဒေ(Clean Air Act)နှင့် ဟယ်လ်ဆင်ကီ သဘောတူညီချက်(Helsinki Protocol)တို့ ထင်ရှားသည်။ ဆာလ်ဖာဒိုင် အောက်ဆိုဒ် ထုတ်လွှတ်မှုကို သတ်မှတ်ပမာဏအထိ လျှော့ချကြရန် ဥရောပ ၂၁ နိုင်ငံက ကတိပြုကြရာမှ ယင်းသဘောတူညီချက် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

အက်စစ်မိုး ရွာသွန်းမှုနှင့် ပတ်သက်၍ သိရှိနိုင်ရန် နိုင်ငံတကာ သိပ္ပံပညာရှင်များ အဖွဲ့တစ်ဖွဲ့က ၁၉၉၉ခုနှစ်တွင် ဥရောပ မြောက်ပိုင်းနှင့် မြောက်အမေရိကတိုက်တို့ရှိ ရေအိုင်များ၊ ကန်ချောင်းများနှင့် မြစ်များကို လေ့လာခဲ့သည်။

ထုတ်လွှတ်

သိပ္ပံပညာရှင်များသည် ရေချိုး၌ အက်စစ်ဖြစ်ထွန်းမှု (acidity) မရှိစေရေးအတွက် ဆာလ်ဖာထုတ်လွှတ်မှုများကို လျှော့ချရန် နည်းလမ်းရှာလျက်ရှိကြသည်။

အက်စစ်မိုးသည် အပင်များ၊ ရေနေသတ္တဝါများနှင့် အဆောက်အအုံများကို ပျက်စီးစေနိုင်သဖြင့် အက်စစ်မိုးကို တားဆီးနိုင်ရန် လိုအပ်သည်။

လူ့ပယောဂကြောင့် လေထုအတွင်း ဆာလ်ဖာနှင့် နိုက်ထရိုဂျင်ဒြပ်ပေါင်းများ စုဝေးလာကာ ကမ္ဘာ့လေထုလွှာ၌ အက်စစ်ဖြစ်ထွန်းလာသည်။

အက်စစ်ပါဝင်မှုနှုန်းထားကို pH ဖြင့် ဖော်ညွှန်းသည်။ ဟိုက်ဒရိုဂျင် အိုင်းယွန်း ပါဝင်မှုနှုန်းမှာ pHဖြစ်သည်။ ဟိုက်ဒရိုဂျင်အိုင်းယွန်း ပါဝင်မှုများပြားလျှင် အက်စစ်၏ ပြင်းအား များပြားသည်။

လူဦးရေတိုးပွားကာ စက်မှုလုပ်ငန်းများ ချဲ့ထွင်မှုကြောင့် အက်စစ်မိုးပြဿနာ ကြီးထွားလာရသည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ စက်ရုံများနှင့် မော်တော်ယာဉ်များက မီးခိုးများ ထုတ်လွှတ်ခြင်းတို့ကြောင့် လေထုအတွင်း ဒြပ်မှုန်များ စုဝေးလာသည်။ ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံများမှာ လေထုညစ်ညမ်းမှုကို အဖြစ်ပေါ်ဆုံးပင်။

ဆာလ်ဖာနှင့်နိုက်ထရိုဂျင် ဒြပ်ပေါင်းများသည် အက်စစ်များအဖြစ်သို့ ပြောင်းလဲပြီး အက်စစ်ဖြစ်ထွန်းမှု မပေါ်ပေါက်မီ လေထုလွှာအတွင်းရှိ ဓာတ်ငွေ့များမှာ ခရီးမိုင်ထောင်ပေါင်းများစွာကို ဖြတ်သန်းခဲ့ပြီးဖြစ်သည်။

အက်စစ်မိုးသည် သစ်တောများ၏ ရှင်သန်မှုကို နှေးကွေးစေနိုင်သည့်အပြင် သစ်ရွက်များနှင့် ယင်းတို့၏ရိုးတံ၊ ရွက်တံများကို အညိုရောင်အဖြစ်သို့ ပြောင်းလဲကာ ကြွေကျစေသည်။ အက်စစ်မိုးကြောင့် မြေဆီလွှာတွင်လည်း ဆိုးကျိုးသက်ရောက်မှု ရှိနိုင်သည်။

ဆုံးရှုံး

ပင်လယ်ရေမျက်နှာပြင်အထက် မြင့်မားသောနေရာရှိ သစ်တောများကို တိမ်တိုက်များနှင့် မြူထုတို့က ဝန်းပတ်ထားခြင်းကြောင့် ယင်းသစ်တောများသည် အက်စစ်မိုး၏ဒဏ်ကို ပိုမိုခံစားရနိုင်သည်။ သို့ရာတွင် ကောက်ပဲသီးနှံများ စိုက်ပျိုးရာ၌ ဓာတ်မြေဩဇာများ အသုံးပြုခြင်းကြောင့် အက်စစ်မိုး၏ ဖျက်ဆီးမှုဒဏ်ကို ကောက်ပဲသီးနှံစိုက်ခင်းများ ခံစားရမှုနည်းပါးသည်။ ဓာတ်မြေဩဇာသုံးစွဲမှုကြောင့် ဆုံးရှုံးသွားသော အာဟာရဓာတ်များ၏နေရာတွင် အစားပြန်လည်ဖြည့်တင်းနိုင်သည်။

အက်စစ်မိုးသည် လူသားတို့၏ ကျန်းမာရေးနှင့် တိုက်ရိုက်ဆက်နွှယ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆသည်။ လူတို့သည် အက်စစ်ဖြစ်ထွန်းမှုနှင့် အက်စစ်မိုး၏ အကျိုးဆက်အဖြစ် ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ရောဂါနှင့် ခဲဆိပ်သင့်သည့် ဝေဒနာများကို ခံစားရနိုင်သည်။ ။

ကိုးကား-
အင်တာနက်မှတ်တမ်းများ။

အောင်သုတ

19-8 (04).pmd 1 8/20/2008, 2:35 AM

ကမ္ဘာ့အထူးခြားဆုံး ကျေးငှက်မျိုးစိတ်

အမေရိကန်နိုင်ငံ ဂါဘွန်သစ်တောအတွင်း ကမ္ဘာပေါ်၌ ပထမဆုံး အသစ်တွေ့ရှိရသည့် ကျေးငှက်မျိုးစိတ်သစ် တစ်မျိုးကို အမေရိကန် သုတေသနပညာရှင်များက ဩဂုတ် ၁၆ရက်တွင် တွေ့ရှိခဲ့ကြသည်။

မြေလူးငှက်ငယ်မျိုးစိတ်

အဆိုပါ ကျေးငှက်မျိုးစိတ်သစ်သည် ဥရောပရင်ပုံနီ မြေလူးငှက်ငယ်မျိုးစိတ်မှ ဆင့်ပွားလာသော ကျေးငှက်မျိုးဖြစ်သည်။ အရောင်အသွေးအားဖြင့် အနီ၊ အစိမ်းနှင့် အပြာရောင်တို့ ပေါင်းစပ်ထားသော်လည်း ရင်ပိုင်း၌ နီဝါရောင်ရင့်ရင့် လွှမ်းနေသည်။

ရှားပါးကျေးငှက်

ယင်းငှက်ငယ်လေး၏ အမြင့်မှာ ၄ဒသမ၅လက်မခန့်ရှိပြီး အလေးချိန်မှာ ၁၄ ဂရမ်ခန့်သာရှိသည်။ ထူးခြားပြီး ဆွဲဆောင်မှုရှိသည့် ကျေးငှက်အမျိုးအစား ဖြစ်သည်။ ယခင်က ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သော ရှားပါးကျေးငှက်မျိုးစိတ်များထက် ပိုမိုရှုချင်စဖွယ်ကောင်းသော အရောင်အသွေးလည်းရှိသည့် ကျေးငှက်လည်း ဖြစ်သည်။

ထို့အပြင် အဆိုပါ ကျေးငှက်၏ မျက်စိနှစ်လုံးအကြား၌ သိသာထင်ရှားသော အဖြူစက် အမှတ်အသားတစ်ခုပါရှိပြီး ဦးခေါင်းထိပ်ပေါ်၌ အနက်ရောင်အမောက်တစ်ခုလည်း ပါရှိသည်။ ထို့ကြောင့် ၎င်းကျေးငှက်သည် ကမ္ဘာပေါ်၌ အထူးခြားဆုံး ကျေးငှက်မျိုးစိတ်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်က အသိအမှတ်ပြုထားသည်။ (အင်တာနက်)

ဇင်ဘာဘွေအာဏာခွဲဝေရေး သဘောတူညီမှု ဂျိုဟန်နစ္စဘတ်အစည်းအဝေးတွင် မရရှိခဲ့

ဂျိုဟန်နစ္စဘတ် ဩဂုတ် ၁၈

တောင်ပိုင်းအာဖရိကခေါင်းဆောင်များ၏ ဂျိုဟန်နစ္စဘတ် ထိပ်သီးအစည်းအဝေးတွင် ဇင်ဘာဘွေအာဏာရပါတီနှင့် အတိုက်အခံပါတီတို့အကြား အာဏာခွဲဝေရေးသဘောတူညီမှုရရှိအောင် ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း မရှိခဲ့ချေ။

သို့သော် ဇင်ဘာဘွေအာဏာရ ဇာနူ-ပီအက်ဖ်ပါတီနှင့် မကြာမီ သဘောတူညီမှုရလိမ့်မည်ဟု သူ ယုံကြည်ကြောင်း အတိုက်အခံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုပါတီ (အမ်ဒီစီ) အတွင်းရေးမှူးချုပ်က ပြောကြားသည်။

ဆက်လက်ပြုလုပ်မည်

ဇင်ဘာဘွေပြဿနာကို ကြားဝင်စေ့စပ်ပေးသည့် တောင်အာဖရိက သမ္မတ သာဘိုအမ်ဘီကီက ဆွေးနွေးပွဲ ဆက်လက်ပြုလုပ်ရဦးမည်ဟု စောစောပိုင်းကပြောဆိုသည်။

အခိုင်အမာ

ဇင်ဘာဘွေသမ္မတ မူဂါဘီအနေဖြင့် အုပ်ချုပ်ရေး အာဏာကို စွန့်လွှတ်ရမည်ဟု အတိုက်အခံ အမ်ဒီစီပါတီက အခိုင်အမာရပ်တည်ပြောကြားလျက် ရှိသည်။

အမ်ဒီစီပါတီခေါင်းဆောင် မော်ဂန်ရှန်ဂီရိုင်းသည် စည်းမျဉ်းစည်းကမ်းများအရ အသစ်ဖွဲ့စည်းမည့် အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်ရာထူးကို ယူရန်သဘောတူညီဖွယ်ရှိသော်လည်း တိကျရေရာသော အာဏာခွဲဝေမှုကို ဆုံးဖြတ်ချက်ချမှတ်ခြင်း မပြုရသေးပေ။

ကုန်သွယ်ရေး

အခြားကိစ္စရပ်တစ်ရပ်အနေဖြင့်လည်း အဖွဲ့ဝင် ၁၄နိုင်ငံပါဝင်သော တောင်ပိုင်း အာဖရိက ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (အက်စ်အေဒီစီ)ကလည်း ၂၀၀၈ခုနှစ်တွင် လုပ်ရိုးလုပ်စဉ် ငွေကြေးအစီအစဉ်များနှင့်အတူ သွင်းကုန်အကောက်ခွန် ကင်းလွတ်ခွင့်ပေးရေးအတွက် ရည်ရွယ်လျက် ဒေသဆိုင်ရာ ကုန်သွယ်ရေးဇုန်ကို စတင်ဖော်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

(အင်တာနက်)

ဘဂ္ဂဒက်၌ ကားဗုံးခွဲတိုက်ခိုက် အနည်းဆုံး ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ရှီးယိုက်ဘုရားဖူးများအား ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ခြောက်ဦးသေဆုံးကြောင်း အီရတ်အရာရှိများက ပြောကြားသည်။ အဆိုပါဗုံးခွဲတိုက်ခိုက်မှုတွင် ဒဏ်ရာရသူ အနည်းဆုံး ၁၀ဦးရှိသည်ဟုသိရပြီး ယင်းမှာ ကာဘာလာ အထွတ်အမြတ်မြို့သို့သွားရောက်သည့် ဘုရားဖူးများအား မကြာသေးမီက ဆက်တိုက်ဗုံးခွဲတိုက်ခိုက်မှုများအနက် ဤအကြိမ်သည် နောက်ဆုံးအကြိမ် ဖြစ်သည်။

အသေခံဗုံးခွဲ

ဘဂ္ဂဒက်တောင်ဘက် အစ္စကန်ဒါရီယာမြို့တွင်း ဘုရားဖူးများအား ဩဂုတ်၁၄ရက်က အမျိုးသမီးအသေခံဗုံးခွဲသူ၏ လက်ချက်ကြောင့် ၁၈ဦးသေဆုံးခဲ့သည်။ ထိုစဉ်က ၇၅ဦး ဒဏ်ရာရရှိခဲ့သည်။ (အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘဝအမောပြေ

ဩော် စက်ရုပ်....

အင်ဂျင်နီယာ၊ စာရင်းအင်းသမား၊ ဓာတုဗေဒပညာရှင်နှင့် အစိုးရဝန်ထမ်းတစ်ဦး စုစုပေါင်းလေးဦးက သူတို့၏စက်ရုပ်များ စွမ်းဆောင်ရည်မြင့်မားမှု၊ မိမိတို့နီးပါး လုပ်ကိုင်ဆောင်ရွက်နိုင်မှုများအပေါ် အောက်ပါအတိုင်း ပြိုင်ကြလေသည်-

အင်ဂျင်နီယာ ။ ။ ကဲ… အဆောက်အအုံ တစ်ခု ဆောက်လုပ်ဖို့အတွက် ပုံစံရေးဆွဲပြလိုက်ပါ။

စက်ရုပ် ။ ။ **အင်ဂျင်နီယာ၏ စက်ရုပ်က အဆောက်အအုံ ဒီဇိုင်း တစ်ခုကို စက္ကန့်ပိုင်းအတွင်း ရေးဆွဲပြလိုက်သည်။**

စာရင်းအင်းသမား ။ ။ အဲဒီ အဆောက်အအုံရဲ့ ကုန်ကျစရိတ်ကို တွက်ပြလိုက်စမ်းပါ။

စက်ရုပ် ။ ။ **စာရင်းအင်းသမား၏ စက်ရုပ်က စက္ကန့်ပိုင်းအတွင်း အဆောက်အအုံ တည်ဆောက်မည့် ကုန်ကျစရိတ်ကို တွက်ပြလိုက်သည်။**

ဓာတုဗေဒပညာရှင် ။ ။ အဲဒီအဆောက်အအုံမှာ ဆေးသုတ်မှု၊ ဘိလပ်မြေ၊ ထုံးစတဲ့ ပစ္စည်းတွေ ဘယ်လိုအချိုးအစားနဲ့ ထည့်သွင်း အသုံးပြုသင့်တယ် ဆိုတာ တွက်ပြလိုက်ပါ။

စက်ရုပ် ။ ။ **ဓာတုဗေဒပညာရှင်၏ စက်ရုပ်က ချက်ချင်းတွက်ပြလိုက်သည်။**

အစိုးရဝန်ထမ်း ။ ။ ကဲ…အဲဒီအဆောက်အအုံ တစ်ခုလုံး အချိန်ဘယ်လောက်နဲ့ အပြီး ဆောက်လုပ်နိုင်မလဲ တွက်ပြလိုက်ပါ။

စက်ရုပ် ။ ။ ဆရာ…နောက်နေ့မှလုပ်ပါ၊ အခု ၃နာရီခွဲပြီ၊ ကျွန်တော်တို့ အိမ်ပြန်ရအောင်။

အားလုံး ။ ။ "ဟေ"

အင်တာနက်ကျန်းမာရေး

အသားအရေလှပရန် အသုံးပြုသည့် အလှဆီများကြောင့် အရေပြား၌ ကင်ဆာအကျိတ်များ ထွက်ပေါ်နိုင်

အသားအရေလှပစေရန်အတွက် အလှဆီများလိမ်းခြင်းသည် အရေပြားကင်ဆာများ ဖြစ်ပွားစေရန် အခွင့်အလမ်းပိုမိုများစေကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ သုတေသနပြုချက်တစ်ရပ်၌ သတိပေးဖော်ပြထားသည်။

ကင်ဆာအကျိတ်

မျက်နှာနှင့် အသားအရေများ လှပချောမွေ့စေရန် အလှဆီများလိမ်းခြင်းသည် အရေပြားပေါ်၌ အကျိတ်များထွက်ရှိစေရန် တွန်းအားပေးကြောင်း၊ အထူးသဖြင့် ကင်ဆာအကျိတ်များ ဖြစ်စေနိုင်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ပါရှိသည်။

အသားအရေလှပချောမွေ့မှု ဖြစ်စေသည့် အလှဆီများအပြင် နေရောင်ခြည်ဒဏ်၊ ရေဒဏ်နှင့် ရာသီဥတုဒဏ်ကို ခံနိုင်ရန်အတွက် အသုံးပြုသော အလှဆီများသည်လည်း ကင်ဆာအကျိတ်များထွက်ရှိရန် အားပေးနိုင်မှုအပြင် အရေပြားကင်ဆာဖြစ်ပွားစေနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ပျက်စီးစေနိုင်

ဓာတုဗေဒပစ္စည်းများဖြင့် ပေါင်းစပ်ဖော်စပ်ထားသည့် အလှဆီများသည် အရေပြား၌ရှိသော ဆဲလ်များကို ပျက်စီးစေနိုင်သည်ဖြစ်ရာ အထူးသတိပြုသင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

လွဲမှားစွာ ဖန်တီးပုံဖော်ခဲ့ခြင်း၏ နောက်ဝယ်. . . .

နိုင်ငံတကာ မှုခင်း



ရေမွန်ဒင်နီ ယယ်သာမွန်။

လာဗိုနီယာမြို့လေးသည် အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်တွင် တည်ရှိကာ အတ္တလန္တာမြို့မှ မိုင်၉၀အကွာတွင် ရှိသော မြို့ငယ်လေးဖြစ်သည်။ ထိုမြို့လေးသည် အေးချမ်းသာယာလှပသည်။ ယင်းမြို့လေးတွင် ရေမွန်ဒင်နီယယ်သာမွန်ဆိုသူ အမျိုးသား နေထိုင်သည်။

ဂုဏ်ယူ

ရေမွန်သည် လွန်ခဲ့သော ၁၉၉၀ ပြည့်နှစ် သူ့အသက် ၁၈နှစ်အရွယ်တွင် သူ့ထက်နှစ်နှစ်ငယ်သော ချောမောလှပသည့် မိန်းမချောလေးတစ်ဦးနှင့် အကြောင်းပါခဲ့လေသည်။ ရေမွန်သည် သူ၏ရုပ်ရည်မှာ ရွက်ကြမ်းရေကျိုအဆင့်သာ ရှိသော်လည်း ငယ်ရွယ်ချောမောလှပသော မိန်းကလေးအား ဇနီးအဖြစ် ပိုင်ဆိုင်နိုင်ခွင့်ရသည့်အတွက် ဂုဏ်ယူနေခဲ့သည်။

သဝန်တို

ရေမွန်သည် ဇနီးသည်နှင့် အိမ်ထောင်သက် တစ်နှစ်ခန့်ရသောအခါ ဇနီးသည်နှင့်ပတ်သက်ပြီး သဝန်တိုမှုကို ခံစားခဲ့ရသည်။ သူတို့ ဇနီးမောင်နှံသည် လူထဲက လူသားများပီပီ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် အမြဲထိတွေ့ ဆက်ဆံနေရလေသည်။ ထိုအခါ ငယ်ရွယ်ချောမောသော သူ၏ဇနီးသည်အား အခြားသူစိမ်းယောကျ်ားလေးများနှင့် ရိုးရိုးသားသား စကားပြောဆိုမှုကိုပင် လက်မခံနိုင်သည်အထိ ရေမွန်အနေဖြင့် ဇနီးသည်အပေါ် သဝန်တိုမိသည်။

အကောင်အထည်ဖော်

သို့သော်လည်း ရေမွန်အနေဖြင့် သဝန်တိုမှုကို မဖြစ်သာသဖြင့် ကြိတ်မှိတ်မျိုသိပ်ထားခဲ့ရလေသည်။ သူတို့ ဇနီးမောင်နှံသည် အိမ်ထောင်သက်သုံးနှစ်တာ လွတ်လပ်ပျော်ရွှင်စွာနေထိုင်ခဲ့ကြပြီး သားသမီးယူခဲ့ကြရာ ၁၉၉၄၊ ၁၉၉၅၊ ၁၉၉၆ နှင့် ၁၉၉၉ ခုနှစ်တို့တွင် သားသမီးလေးဦးကို မွေးဖွားခဲ့သဖြင့် သားသမီးများမှာ ၁၄နှစ်၊ ၁၃နှစ်၊ ၁၂နှစ်နှင့် ကိုးနှစ်အသီးသီးရှိ နေကြပေပြီ။ လွန်ခဲ့သောသုံးနှစ်က သားသမီးများ ၁၁နှစ်၊ ၁၀နှစ်၊ ကိုးနှစ်နှင့် ခြောက်နှစ် အသီးသီးရှိနေကြသည့်အချိန်တွင် ရေမွန်သည် သူ၏သဝန်တိုမှုကို အကောင်အထည်ဖော်ခဲ့တော့သည်။

ပြောင်းရွှေ့နေထိုင်

ယင်းမှာ ၂၀၀၅ ခုနှစ် ဩဂုတ်လတွင် လူနေအိမ်အဖြစ် အသုံးပြု၍ရသော ကား၏နောက်တွဲယာဉ်များ အမြောက်အမြားထားရှိရာဒေသသို့ မိသားစုအားလုံး ပြောင်းရွှေ့နေထိုင်နေခဲ့သည်။ ဇနီးသည်အား ပတ်ဝန်းကျင်နှင့် အဆက်ဖြတ်နိုင်ရန် ယင်းနောက်တွဲယာဉ်ထဲတွင် အခန်းဖွဲ့ကာ ဇနီး၊ သားသမီးလေးဦးတို့ကို သော့ခတ်ထားခဲ့သည်။ ရေမွန်သည် သူနေထိုင်ရာအနီးအနားရှိ မွေးမြူရေးထုတ်ကုန်ပစ္စည်း ထုတ်လုပ်သည့်စက်ရုံတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ကာ ဇနီးနှင့် သားသမီးများကို ရှာဖွေကျွေးမွေးခဲ့သည်။ ထိုသို့ သော့ခတ်ထားခဲ့စဉ် သုံးနှစ်တာကာလအတွင်း ရေမွန်သည် ဇနီးနှင့် သားသမီးများအား ၎င်း၏ ယောက္ခမများနေထိုင်ရာ မြောက်ကယ်ရိုလိုင်းနားရှိနေအိမ်သို့ အီစတာပွဲတော်ရက်အတွင်း နှစ်နာရီမျှသာ သွားရောက်ခွင့်ပေးခဲ့သည်။

ဖမ်းဆီးထိန်းသိမ်း

ယင်းကဲ့သို့ ဇနီးနှင့် သားသမီးများထားခဲ့ခြင်းကို ရဲအဖွဲ့က ခြေရာခံမိကာ ယခုနှစ် ဩဂုတ် ၁၃ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ၎င်းအား တရားရုံးက မိသားစုဝင်များအား ပိတ်လှောင်ထားမှု၊ ကလေးသူငယ် အလွဲသုံးစားမှုများဖြင့် တရားစွဲဆိုထားသည်။ ပြစ်မှုထင်ရှားပါက ရေမွန်အနေဖြင့် ပေးဆပ်ရဦးမည်သာ။

ယခုဖြစ်ရပ်တွင် ဇနီးဖြစ်သူအား အချစ်ကြီးချစ်ခဲ့သူ ရေမွန်ဒင်နီယယ်သာမွန်မှာ အချစ်ကို လွဲမှားစွာ ဖန်တီးပုံဖော်ခဲ့မိသည်၏နောက်တွင် ဆိုးကျိုးခံစားခဲ့ရသည့် သင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ရေမွန်သည် လွန်ခဲ့သော ၁၉၉၀ ပြည့်နှစ် သူ့အသက် ၁၈ နှစ်အရွယ်တွင် သူ့ထက်နှစ်နှစ်ငယ်သော ချောမောလှပသည့် မိန်းမချောလေးတစ်ဦးနှင့် အကြောင်းပါခဲ့၊ ရေမွန်သည် သူ၏ရုပ်ရည်မှာ ရွက်ကြမ်းရေကျို အဆင့်သာ ရှိသော်လည်း ငယ်ရွယ်ချောမောလှပသော မိန်းကလေးအား ဇနီးအဖြစ် ပိုင်ဆိုင်နိုင်ခွင့်ရသည့်အတွက် ဂုဏ်ယူနေခဲ့။

သူတို့အတွေးနှင့်အမြင်

∗ ***It is the nature of every man err, but only the fool perseveres in error.***

လူတိုင်း မှားတတ်ကြသည်မှာ ဓမ္မတာဖြစ်သော်လည်း လူရူးလူမိုက်တို့သည်ကား အမှားများကို ဆက်တိုက် ကျူးလွန်တတ်ကြသည်။

စစ်စီရို

(အီတလီလူမျိုးအတွေးအခေါ်ပညာရှင်)

∗ ***Something is better than nothing.***

ဘာမျှ မရှိသည်နှင့်စာပါလျှင် တစ်စုံတစ်ခုရှိနေခြင်းက ပိုကောင်းသည်။

ဆာဗန်တီးစ်

(စပိန်လူမျိုးစာရေးဆရာ)

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား FAO ဌာနေကိုယ်စားလှယ်နှင့် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr. Shin Imai သည် ဩဂုတ် ၁၅ရက် မွန်းလွဲ ၂နာရီက ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့လာရောက်တွေ့ဆုံပြီး(**အောက်ပုံ**)မုန်တိုင်းသင့်ဒေသများတွင် အချိန်မီထွန်ယက်မြေပြုပြင် စိုက်ပျိုးနေသည့် လုပ်ငန်းများ၌ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က လှူဒါန်းမည့် ဒီဇယ်ဆီဂါလန် ခြောက်သောင်းဖြန့်ဖြူးရေးကိစ္စများကို ဆွေးနွေးကြသည်။

အလားတူ ဝန်ကြီးဗိုလ်ချုပ်ထွေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Park KeY-Chong သည် ညနေ၃နာရီခွဲက ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး မုန်တိုင်းသင့်သည့် ဒေသများ၌ ပင်လယ်ရေငန်တားတာများ ပြုပြင်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌတို့ ပါဝင်သည့် ဆရာတော်၊ သံဃာတော်၁၈ပါးတို့အား ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းနှင့်ဆွမ်းတို့ကို ရောဝတီတိုင်း မွှော်ရုံထိန်းသိမ်းစောင့်ရှောက်ရေးအကျိုးတော်ဆောင်အဖွဲ့နှင့် ရန်ကုန်တိုင်းအတွင်းရှိ ရောဝတီတိုင်း မြို့နယ်အသင်းများ၏ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

ရောဝတီတိုင်း မြို့နယ်အသင်းများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၈

ရောဝတီတိုင်း မွှော်ရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအကျိုးတော်ဆောင်အဖွဲ့နှင့် ရန်ကုန်တိုင်းအတွင်းရှိ ရောဝတီတိုင်း မြို့နယ်အသင်းများ၏ နဝမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ်၁၇ရက် နံနက် ၉နာရီခွဲက ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရောဝတီတိုင်း မွှော်ရုံ၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်၁၆ပါးနှင့် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌတို့ ပါဝင်သည့် ဆရာတော်၊ သံဃာတော်၁၈ပါးတို့အား ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းနှင့်ဆွမ်းတို့ကို ရောဝတီတိုင်း မွှော်ရုံထိန်းသိမ်းစောင့်ရှောက်ရေးအကျိုးတော်ဆောင်အဖွဲ့နှင့် ရန်ကုန်တိုင်းအတွင်းရှိ ရောဝတီတိုင်း မြို့နယ်အသင်းများ၏ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

ဒလနှင့်ဆိပ်ကြီးခနောင်တိုမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုစစ်ဆေး ထူးချွန်ကျောင်းသားကျောင်းသူများ ဂုဏ်ပြုပွဲတက်ရောက်

ရန်ကုန် ဩဂုတ် ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၁၆ရက် နံနက်ပိုင်းက ဒလမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ သွားရောက်ပြီး ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ၂၀၀၇-၂၀၀၈ ပညာ သင်နှစ် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ကာကွယ်

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ဒလမြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ဗဟိုအလုပ်အမှုဆောင်ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဒုတိယဌာနမှူး ဒေါက်တာ ဒေါ်ရှုကြည်၊မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်သက်သက်စိန်၊ ဒုတိယတိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းတို့က လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ဒုတိယမြို့တော်ဝန်က သွေးလွန်တုပ်ကွေးရောဂါကင်းစင်မှုရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ဝိုင်းဝန်းပူးပေါင်း၍ ရောဂါကာကွယ် တားဆီးရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ကြရန်မှာကြားပြီး မြို့မ(၁)ရပ်ကွက် ကျန်စစ်သားလမ်းတွင် ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာ၊ ကျန်းမာရေးဌာနတို့မှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဒလမြို့နယ်အတွင်း ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု အမှာစကားပြောကြားပြီး ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်အောင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဖြည့်ဆည်းပေး

၎င်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ဒလမြို့နယ်အတွင်းရှိ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ ရောက်ရှိပြီး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ဒေသမှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများဖြင့် တပျော်တပါး သစ်ပင်စိုက်ပျိုးပေးပြီးနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပံ့ပိုးမှုဖြင့် လေသာကွင်းချောင်းလမ်း ကွန်ကရစ်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပညာရည်ချွန်ဆုချီးမြှင့်

၎င်းနောက်ဗဟိုအလုပ်အမှုဆောင်သည် ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသော ကျောင်းသားကျောင်းသူများအား ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ပညာရည်ချွန်ဆုချီးမြှင့်ပွဲသို့ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

(ရန်ကုန်မြို့တော်စည်ပင်)

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဝတ္ထုပစ္စည်းများ တာဝန်သိစွာအပ်နှံသူများ ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၈

ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဝတ္ထုပစ္စည်းများ အပ်နှံလှူဒါန်းမှုအတွက် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ အထူးဧည့်ခန်းမဆောင်၌ ကျင်းပသည်။

ထိုက်တန်စွာဂုဏ်ပြု

ရှေးဦးစွာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက ဒေသအသီးသီးမှ ရှေးဟောင်းပစ္စည်းများကို တွေ့ရှိ၍ နိုင်ငံတော်သို့ တာဝန်သိစွာဖြင့် အပ်နှံသူများကိုလည်း ရှေးဟောင်းပစ္စည်း၏ လက်ရှိတန်ဖိုးအပြင် ခေတ်ကာလတန်ဖိုး၊ လက်ရာတန်ဖိုးများပါ ထပ်ဆောင်းလျက် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့် ပေးအပ်လျက်ရှိကြောင်း။

အသိအမှတ်ပြု

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းမောပျူမြို့ဟောင်းမှ ရွှေဆင်းတု၊ ငွေဆင်းတု၊ ငွေစေတီနှင့် ရှေးဟောင်း ပစ္စည်း(၂၇)မျိုးတွေ့ရှိအပ်နှံခဲ့မှုအတွက် ဆုကြေးငွေကျပ် ၁၄ဖသိန်းကို ၂၀၀၅ခုနှစ် မေ ၂၇ရက်တွင်လည်းကောင်း၊ နေပြည်တော် ပျဉ်းမနားခရိုင် ကျည်တောင်ကျေးရွာအုပ်စု သာယာဝှမ်းကျေးရွာအနီးမှ ရွှေဆင်းတု၊ ငွေဆင်းတုနှင့် ရှေးဟောင်းပစ္စည်းများတွေ့ရှိအပ်နှံမှုအတွက် ဆုကြေးငွေကျပ် ၁၂ဖသိန်းကို ၂၀၀၇ခုနှစ် ဩဂုတ် ၂ရက်တွင်လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ယခုကဲ့သို့ ရှေးဟောင်းဝတ္ထုပစ္စည်းများကို တာဝန်သိစွာ လာရောက်အပ်နှံမှုအတွက် အသိအမှတ်ပြု ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ညွှန်ကြားရေးမှူးချုပ်ဦးစန်းဝင်းက ကမ္ဗဝါပေစာထုပ်များ၊ ပေစာကြိုးများ၊ စဥ့်သုတ်အိုးများ၊ စဥ့်ပန်းကန်လုံးများ၊ စဥ့်အရုပ်များ၊ မြေဆေးတံများ၊ ကျောက်ဖြစ်ရုပ်ကြွင်းကဏန်းများ၊ ကြေးအိုးငယ်၊ ဆွမ်းအုပ်ထမ်းသော ထမ်းပိုး၊ ယွန်းဗန်းတို့အပါအဝင် ရှေးဟောင်းပစ္စည်း(၂၁)မျိုး လှူဒါန်းခြင်းအတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာနေ ဦးတင်မောင်အေးနှင့် ဒေါ်မြင့်မြင့်အေးမိသားစုအား ဆုကြေးငွေကျပ်၂၄၃၅၀၀ကိုလည်းကောင်း၊ ဖောင်းကြွမြင်းစီးရုပ်ပါ ငွေခါးပတ်ခေါင်းတစ်ခု၊ ရှစ်မြောင့်ဖောင်းကြွရုပ်ပါ ငွေကွမ်းအစ်တစ်လုံး၊ ရွှေသွယ်ပြောင်း ကြိုးတစ်ကုံးနှင့် ရွှေသွယ်ပြောင်းကြိုး အပိုင်းနှစ်ပိုင်း လှူဒါန်းခြင်းအတွက် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးလူအေး ကိုယ်စား ညွှန်ကြားရေးမှူး ဦးအောင်နိုင်မြင့်အား ဆုကြေးငွေ၃၉၄၆၂၉ဖကျပ်ကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများနှင့်အတူ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် ယဉ်ကျေးမှု အမွေအနှစ် ဝတ္ထုပစ္စည်းများကို ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေဖြင့်လည်းကောင်း၊ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ၊ ရှေးဟောင်းနေရာများ၊ အထိမ်းအမှတ်အဆောက်အအုံများကို ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေဖြင့် လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းကာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အာဆီယံအသင်းကြီး နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အာဆီယံလက်မှုထူးချွန်လက်ရာပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

အာဆီယံအသင်းကြီး၏ (၄၁)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အာဆီယံ လက်မှုထူးချွန်လက်ရာပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။ ရှေးဦးစွာ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက အာဆီယံသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် မြန်မာနိုင်ငံအာဆီယံ အမျိုးသားယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက အမှာစကားပြောကြားသည်။ ယင်းနောက် အာဆီယံဒေသအဆင့် အာဆီယံလက်မှုထူးချွန်လက်ရာပြိုင်ပွဲ အကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သွင်က ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၀၇ခုနှစ်အတွက် အာဆီယံဒေသအဆင့် အာဆီယံလက်မှုထူးချွန်လက်ရာပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အာဆီယံအမျိုးသားယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက အာဆီယံဒေသအဆင့် အာဆီယံလက်မှု ထူးချွန်လက်ရာပြိုင်ပွဲတွင် ဆုရရှိခဲ့သော ဦးဝဏ္ဏကျော်အား ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် အာဆီယံဒေသအဆင့် အာဆီယံလက်မှုထူးချွန်လက်ရာပြိုင်ပွဲတွင် ဆုရရှိခဲ့သူ ဦးဝဏ္ဏကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း စွမ်းဆောင်ရည်ဆုများချီးမြှင့်ပေးအပ်

နေပြည်တော် ဩဂုတ် ၁၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်၁၃ရက်မှ ၁၅ရက်အထိ နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး လုပ်ငန်းဆိုင်ရာများကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားပေးစက်ရုံမှူးများ၊ ဓာတ်အားခွဲရုံမှူးများ၊ မဟာဓာတ်အားလိုင်းမှူးများ၊ အင်ဂျင်နီယာချုပ်(ဓာတ်အားစနစ်)၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဦးစီးဌာနတို့မှ အထွေထွေမန်နေဂျာများ၊ အင်ဂျင်နီယာချုပ်များနှင့် ညွှန်ကြားရေးမှူးများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လတ်တို့က စီမံကိန်းလုပ်ငန်းများ၊ ဓာတ်အားပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆုများချီးမြှင့်

ထို့နောက် စွမ်းဆောင်ရည်ဆုပေးပွဲကို ကျင်းပရာ တာဝန်ရှိသူများက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွက် အုပ်ချုပ်ရေးစွမ်းရည် ပထမဆု၊ ယူနစ်ပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးဆောင်ရွက်နိုင်မှုစွမ်းရည် ပထမဆု၊ ရောင်းရယူနစ်နှင့် တောင်းခံငွေလျာထားချက်အပေါ် အကောင်းဆုံးအကောင်အထည်ဖော်နိုင်မှုစွမ်းရည် ပထမဆု၊ နစ်နာကြေး၊ ဒဏ်ကြေးအများဆုံးရရှိအောင် ဆောင်ရွက်နိုင်မှုစွမ်းရည် ပထမဆု၊ ပစ္စည်းစီမံရေးလုပ်ငန်းစွမ်းဆောင်နိုင်မှုစွမ်းရည် ပထမဆုနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၏ လုပ်ငန်းစွမ်းဆောင်နိုင်မှုစွမ်းရည် ပထမဆု၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအတွက် ဓာတ်အားခွဲရုံများ လုပ်ငန်းစွမ်းဆောင်ရည် ပထမဆု၊ မဟာဓာတ်အားလိုင်းမှူးရုံးများ လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုနှင့် စီမံကိန်းမန်နေဂျာရုံးများ (မြောက်ပိုင်း) လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုနှင့် စီမံကိန်းမန်နေဂျာရုံးများ(တောင်ပိုင်း) လုပ်ငန်းစွမ်းဆောင်ရည် ပထမဆု၊ ဓာတ်အားပေးစက်ရုံများ လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုနှင့် ပစ္စည်းစီမံရေးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုရရှိကြသည့်လုပ်ငန်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်က လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက် ပြည်နယ်နှင့်တိုင်းများအလိုက် အုပ်ချုပ်ရေးစွမ်းရည် ပထမဆု၊ ရောင်းရယူနစ်နှင့် တောင်းခံငွေလျာထားချက်အပေါ် အကောင်းဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုစွမ်းရည် ပထမဆုနှင့် နစ်နာကြေး၊ ဒဏ်ကြေးအများဆုံးရရှိအောင် ဆောင်ရွက်နိုင်မှု စွမ်းရည်ပထမဆုရရှိသည့် လုပ်ငန်းဌာနတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က ပြည်နယ်နှင့်တိုင်းများမှ ယူနစ်ပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးဆောင်ရွက်နိုင်မှုစွမ်းရည် ပထမဆု၊ ပြည်နယ်နှင့်တိုင်းအလိုက် ပစ္စည်းစီမံရေးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုနှင့် ပြည်နယ်နှင့်တိုင်း လျှပ်စစ်အင်ဂျင်နီယာများ၏ လုပ်ငန်းဆောင်ရွက်မှုစွမ်းရည် ပထမဆုရ လုပ်ငန်းဌာနတို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိပိဋကဓရ စာအောင်သံဃာ ချီးကျူးပူဇော်ပွဲနှင့် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်တွင် အကြိမ်(၆၀)မြောက် တိပိဋကဓရ စာမေးပွဲတွင် နှစ်ပုံခွဲအောင်(အာဘိဓမ္မိကရေ) အရှင်စန္ဒနနှင့် ပိဋကတစ်ပုံခွဲအောင် (ဝိနယဓရ) အရှင်ပညာဇောတတို့အား ချီးကျူးပူဇော်ပွဲ၊ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ကျောင်းအဝင်လမ်းမကြီး၊ ရေချိုးကန်နှင့်အမိုး၊ မော်တော်ယာဉ်အလှူစသော အလှူအရပ်ရပ် စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၆ရက်က ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ တောတိုက်ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ကလေးဝတောရ နာဂလိုဏ်ဂူ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြသည်။

ထို့နောက် တောတိုက်ဆရာတော်ကြီး အမှူးရှိသော ဆရာတော်များအား ဗိုလ်မှူးချုပ်မောင်မောင်(အငြိမ်းစား)နှင့် တာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ချီးမြှင့်

ဆက်လက်၍ တိပိဋကဓရ စာအောင်သံဃာတော်များ ချီးကျူးပူဇော်ပွဲကို ကျင်းပရာ သာသနာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်က ပိဋကနှစ်ပုံခွဲအောင် အရှင်စန္ဒန၏ ထေရုပ္ပတ္တိဂုဏ်ကိုလည်းကောင်း၊ ဦးစီးအရာရှိ ဦးသောင်းလှိုင်က ပိဋကတစ်ပုံခွဲအောင် အရှင်ပညာဇောတ၏ ထေရုပ္ပတ္တိကိုလည်းကောင်း ဖတ်ကြားပူဇော်ကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသောင်းငွေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် အလှူရှင်မိသားစုများက လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

အဏ္ဏဝါသိပ္ပံ (အဏ္ဏဝါဇီဝ) ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ်ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် မုန်တိုင်းကြောင့် ပျက်စီးသွားသော ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမက စိန်မှန်းကျောင်းအား အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီက ရွှေတိဂုံဘုရား အနောက်ဘက်မုခ်ရှိ မိုးညှင်းစံကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းစံကျောင်း ပဓာနနာယကဆရာတော် ဦးဓမ္မသီရိထံမှ ငါးပါးသီလခံယူပြီး ဆရာကြီးများနှင့် ကျောင်းသားကျောင်းသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မုန်တိုင်းကြောင့် ပျက်စီးသွားသော ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမကစိန်မှန်းကျောင်းအား စာရေးခုံနှင့်ထိုင်ခုံများ ပြန်လည်ပြုပြင်ရန်အတွက် အဏ္ဏဝါသိပ္ပံ(အဏ္ဏဝါဇီဝ) ကျောင်းသားကျောင်းသူဟောင်းများက ကျောင်းအုပ်ဆရာကြီး ဦးစိန်လှဝင်းထံ အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းကြောင်း သိရသည်။**(အောက်ပုံ)** **(မြန်မာ့အလင်း)**

Nelson English Language Centre မှ Cambridge Young Learners' Exams စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများအား အောင်လက်မှတ်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

Nelson English Language Centre (NELC) တွင် တက်ရောက်ပညာသင်ကြားခဲ့ပြီး Cambridge Young Learners' Exams များ၌ ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ်၉ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဆရာနယ်လ်ဆင်က အမှာစကားပြောကြားပြီး Exam Services Manager ဦးကျော်ထင်က Cambridge Young Learners' Examsများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် Cambridge Young Learners' Exams များ၌ Starter အတန်း၌ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဒေါက်တာတင်စိန်က လည်းကောင်း၊ Movers အတန်း၌ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆရာမ ဒေါ်ဝင်ဒီကလည်းကောင်း၊ Flyers အတန်း၌ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆရာနယ်လ်ဆင်ကလည်းကောင်း၊ KET အတန်း၌ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆရာဦးကျော်ထင်က လည်းကောင်း အောင်လက်မှတ်နှင့် ဆုများ အသီးသီး ချီးမြှင့်ကြသည်။**(ဝဲပုံ)**

Nelson English Language Centre (NELC) က အသက်၁၆နှစ်နှင့်အထက် ကလေးများအတွက် သင်တန်းခွဲ အမှတ်(၁)ကို စမ်းချောင်းမြို့နယ် မြေနီကုန်း ဓမ္မာရုံလမ်း အမှတ် ၅၃ ဖုန်း-၅၃၄၂၈၇၊ ၅၀၄၄၉၃၌ လည်းကောင်း၊ အသက် ၁၆နှစ်အထက်နှင့် ငါးနှစ်မှ ၁၅နှစ်အထိ ကလေးများအတွက် သင်တန်းခွဲအမှတ် ၂ ကို ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်း MGW တာဝါ အခန်းအမှတ် ၂၀၂ ဖုန်း-၂၅၆၅၁၇၌ လည်းကောင်း၊ အသက်သုံးနှစ်မှ ၁၅နှစ်အထိကလေးများအတွက် သင်တန်းခွဲ အမှတ်(၃)ကို စမ်းချောင်းမြို့နယ် သပြေညိုလမ်း အမှတ် ၃ ဖုန်း-၅၁၀၆၁၂ ၌လည်းကောင်း ဖွင့်လှစ်ကာ ကလေးများအား အင်္ဂလိပ်ဘာသာကို အရေး၊ အဖတ်၊ အပြောနှင့် နားထောင်နိုင်မှုစွမ်းရည်မြင့်မားတိုးတက်အောင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျေးလက်လမ်း တာချဲ့ခြင်းလုပ်ငန်း ထန်တလန်၌ ဆောင်ရွက်

ထန်တလန် ဩဂုတ် ၁၅

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ထန်တလန်-တလန်လိုး ကျေးလက်လမ်းတာချဲ့ခြင်း၊ ကျောက်ထပ်ပိုးခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဩဂုတ်၁၄ရက် နံနက်ပိုင်းက သွားရောက်စစ်ဆေးရာ မြို့နယ် အမှုဆောင်အရာရှိ ဦးထပ်မန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လိုက်လံရှင်းလင်းတင်ပြရာ ပြည်နယ်ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဥတု ရာသီ တောကို မှီ၍

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဉ္စနိကာယ သာသနဝ ဗိမာန်ကျောင်း တိုက် ရှိ ရန်ကုန် နိ ကာ ယ် သာသနာတော် ထွန်းကားရေးအသင်း၏ လေဘေးသင့်ပျက်စီးသွားသော ခုဒ္ဒက ကျောင်းဆောင်တော်ပြုပြင်ရေး၊ စာအောင်ပူဇာပဒေသာပင်နှင့် ငွေရတု ထာဝရပဒေသာပင်များအတွက် ကိုဇေယျာလင်း(ခေတ္တ စင်ကာပူ)က နှစ်ဖက်အဘိုးအဘွားများနှင့် အမှတ်၇၀ မန္တလေးလမ်း ကန်တော်လေးရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဖခင် ဦးမောင်မောင်ခင်နှင့် မိခင် ဒေါ်မူမူဆွေတို့အား ရည်မှန်းကာ ငွေကျပ်သုံးသိန်းကို ဖခင် ဦးမောင်မောင်ခင် မှတစ်ဆင့် လှူဒါန်းရာ အသင်းဘဏ္ဍာရေးမှူး ဦးရွှေဝင်းနှင့် အမှုဆောင်ဦးမျိုးညွန့်တို့က လက်ခံယူကြစဉ်။ (မြန်မာ့အလင်း)

✳ *ကျောဖုံးမှ*

ဝန်ဆောင်မှု

ဆန်စပါးကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးစိုးမောင်နှင့်တွေ့ဆုံ၍ ယခုရက်ပိုင်းအတွင်းဆန်ဝင်ရောက်မှုအခြေအနေကို မေးမြန်းကြည့်မိသည်။ "ဧရာဝတီတိုင်းမြို့နယ်များမှ ရန်ကုန်ကိုဆန်အဝင်နည်းသည်မှာ မှန်ကန်ပါကြောင်း၊ မြို့နယ်များတွင် ကြိတ်ခွဲပြီးဆန်များအသင့်ရှိနေသော်လည်း ဆန်ဈေးနှုန်းများကျဆင်းနေ၍ မတင်ပို့ကြသဖြင့် ဆန်အဝင်နည်းခြင်း ဖြစ်ကြောင်း၊ ကုန်သည်ပွဲစားများကလည်း ဆန်ဝယ်ယူမှု နည်းပါးသွား၍ ရန်ကုန်ဆိပ်ကမ်းရောက်လာသော ဆန်များကို ဆိပ်ကမ်းဂိုဒေါင်များတွင် ယာယီအပ်နှံထားကြရာ ယခုအခါ ဆန်သိုလှောင်ဂိုဒေါင်များလည်း အအပ်ခံဆန်အိတ်များဖြင့် ပြည့်ကျပ်နေသဖြင့် နောက်ထပ်ဝင်လာသော ဆန်များပင် လက်မခံနိုင်တော့ခြင်း ဖြစ်နေပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ကုန်စည်ဒိုင်ကော်မတီဝင်များက ရောင်းသူ၊ ဝယ်သူတို့အား ဤသို့ ညှိနှိုင်းဆောင်ရွက်ပေးသည်။ (မြန်မာ့အလင်း)

ပြင်ဆင်လည်ပတ်

လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ဧရာဝတီတိုင်း မြို့နယ်များမှ ဆန်စက်များမှာလည်း ၈၅ ရာခိုင်နှုန်းခန့် ပြင်ဆင်လည်ပတ်နေပြီဖြစ်သည်။ ပြန်လည် ပြုပြင်ပြီးသော ဆန်စက်များသည် ယခင်အဟောင်းထက်ပင် ပိုမိုကောင်းမွန်နေသဖြင့် စပါးကြိတ်ခွဲနှုန်းလည်း ပိုမိုကောင်းမွန်နေသည်ဟု သိရှိရသည်။ ၂၀၀၈ခုနှစ် ဇွန်လနှင့် ဇူလိုင်လများက တစ်နေ့လျှင် ပျမ်းမျှဆန်အိတ်ရေ ၃၅၀၀၀မှ ၄၅၀၀၀အထိ ဝင်ရောက်ခဲ့သော်လည်း ယခုဩဂုတ် ၁၁ရက်မှ ၁၇ရက်အထိ နေ့စဉ်ပျမ်းမျှ ဆန်အိတ်ရေ ၂၅၀၀၀ မှ ၃၂၀၀၀အထိသာ ဝင်ရောက်ခဲ့သည်။ ဆန်အဝင်နည်းသော်လည်း ဆန်ဈေးနှုန်းမှာ ကျဆင်းလျက်ရှိသည်။

ဆန်ဈေးနှုန်း

ဩဂုတ် ၁၇ရက်တွင် ဖျာပုံပေါ်ဆန်း ဆန်ကောင်းတစ်တင်းခွဲတစ်အိတ်လျှင်ကျပ်၂၆၅၀၀မှ၃၄၀၀၀၊ ရေစိုဆန်မှာ ကျပ်၁၄၀၀၀မှ၁၆၀၀၀၊ ဒေးဒရဲ ပေါ်ဆန်း ဆန်ကောင်း ကျပ် ၂၆၈၀၀မှ ၃၁၈၀၀၊ ရေစိုဆန် ကျပ် ၁၄၀၀၀မှ ၁၅၀၀၀၊ နယ်စုံပေါ်ဆန်း ဆန်ကောင်း ကျပ်၂၂၅၀၀မှ၂၉၅၀၀၊ ရေစိုဆန် ကျပ် ၁၄၀၀၀မှ ၁၅၅၀၀၊ ဧည့်မထဆန်ကောင်းမှာကျပ်၁၄၀၀၀ မှ ၁၇၅၀၀၊ ရေစိုဆန်မှာ ကျပ် ၁၂၃၀၀ မှ ၁၅၅၀၀၊ ငစိန်ဆန်မှာ ကျပ် ၁၂၂၀၀မှ ၁၃၃၀၀၊ မြီးတုံးဆန်မှာ ဆန်ကောင်း ကျပ် ၂၁၂၀၀မှ ၂၂၅၀၀၊ ရေစိုဆန် ကျပ်၁၄၅၀၀မှ ၁၅၀၀၀၊ ဆန်ကွဲမှာ ကျပ် ၄၅၀၀မှ ၈၃၀၀ ဈေးဖြင့် အရောင်းအဝယ်ပြုလုပ်နေပါကြောင်း ဧရာဝတီတိုင်းမြို့နယ်များမှ ရန်ကုန်မြို့သို့ ဆန်များဝင်ရောက်မှုနှင့် ဆန်ဈေးနှုန်းတို့ကို ကွင်းဆင်းမေးမြန်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်း ဆန်စပါးကုန်စည်ဒိုင်တွင် ရောင်းသူ၊ဝယ်သူများစိတ်ကြိုက်ညှိနှိုင်းဈေးဖြင့် ရောင်းချဝယ်ယူကြသည်ကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ဆန်ဈေးနှုန်းအတက်အကျရှိ မရှိကို မေးမြန်းရာ ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုးမောင်က "ဆန်ဈေးနှုန်းတက်လာစရာအကြောင်း လုံးဝမရှိပါကြောင်း၊ မိုးရာသီတွင်ဆန်များကိုမရောင်းချဘဲ သိုလှောင်ထားပါက ပေါ်ဆန်း ဆန်ချောဆိုပါလျှင် ရက်သတ္တနှစ်ပတ်သာအများဆုံး အထားခံပြီး ကြာလျှင် အိတ်သားတက်လာမှာဖြစ်ကြောင်း၊ အိတ်သားတက်သည်ဆိုသည်မှာ မှိုကပ်ပြီး ဆန်အရောင်ပြောင်းလာခြင်းပင်ဖြစ်ကြောင်း၊ ဆန်ကြမ်းဆိုလျှင်တော့ တစ်လလောက်အထိ အထားခံပြီး တစ်လကျော်လျှင် အိတ်သားတက်လာမှာ ဖြစ်ကြောင်း၊ နွေဆန်ဆိုပါက ၁၅ရက်ဆို အိတ်သားတက်ပြီး ဆန်အရောင်ပြောင်းလာပါက ဆန်တစ်အိတ် ကျပ်လေးထောင်၊ ငါးထောင်ခန့် ဈေးလျော့သွားမှာဖြစ်ကြောင်း၊ ဆန်သည် အစိုဓာတ်စုပ်ယူသည့်သဘောရှိ၍ ယခုမိုးရာသီ ရေငွေ့များချိန်တွင် ရေငွေ့ဝင်သွားပါက ဆန်အရောင်ပြောင်း၍ ဈေးကျသွားမည်ဖြစ်သဖြင့် ဆန်ဈေးနှုန်း ယခုထက်တက်လာစရာမရှိပါကြောင်း" ရှင်းပြသွားသည်။

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ဧရာဝတီတိုင်း မြို့နယ်များမှ ဆန်စက်များမှာလည်း ၈၅ရာခိုင်နှုန်းခန့် ပြင်ဆင်လည်ပတ်နေပြီဖြစ်။ ပြန်လည်ပြုပြင်ပြီးသော ဆန်စက်များသည် ယခင်အဟောင်းထက်ပင် ပိုမိုကောင်းမွန်သဖြင့် စပါးကြိတ်ခွဲနှုန်းလည်း ပိုမိုကောင်းမွန်။

ဒေးဒရဲ၊ ဖျာပုံမြို့များမှ စက်သမ္ဗန်ကြီးများဖြင့် ရောက်ရှိလာသော ဆန်အိတ်များကို လမ်းမတော်ဆိပ်ကမ်းတွင် လုပ်သားများ သယ်ချနေကြစဉ်။ (မြန်မာ့အလင်း)

တိပိဋကကျောင်းတော် ရှာသက်ပန်ဆွမ်းပဒေသာပင် ရေစက်ချလှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၁၈

ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက=နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ (ရန်ကုန်ဌာန) အမှတ် ၁၂/၁၆ စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ တိပိဋကကျောင်းတော်တွင် ၂၀၀၇ခုနှစ် မတ်၁၂ရက်မှ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်အထိ (၁၅)ကြိမ်နှင့် (၁၆)ကြိမ်မြောက် စိုက်ထူထားသော ဆွမ်းပဒေသာပင်အလှူရှင်များ အနုမောဒနာ ရေစက်ချပွဲအခမ်းအနားကို တော်သလင်းလဆန်း ၁ရက် (ဩဂုတ် ၃၁ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဖိတ်စာများကို စာတိုက်မှတစ်ဆင့်ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာမရရှိသော်လည်း ၂၀၀၇ခုနှစ် မတ် ၁၂ရက်မှ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်အတွင်း ပဒေသာပင် စိုက်ထူလှူဒါန်းထားသော အလှူရှင်များအားလုံး ရေစက်ချပွဲအခမ်းအနားသို့ တက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန်အနောက်မြောက်ပိုင်း၌ ရေလွှမ်း ရေကာတာတစ်ခုပြိုကျ၊ ရဟတ်ယာဉ်များဖြင့်ကယ်ဆယ်နေရ

ဝါရှင်တန် ဩဂုတ် ၁၈

အမေရိကန်နိုင်ငံအနောက်မြောက်ပိုင်း အရီဇိုးနားပြည်နယ်ရှိ ဆူပီကျေးရွာတွင် ဩဂုတ်၁၈ရက်က မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကာတာတစ်ခုပြိုကျခဲ့သဖြင့် ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ရာ ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရဆဲဖြစ်ကြောင်း**(အောက်ပုံ)** အမေရိကန် အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ရက်ဒ်လန်ရေကာတာ

ရေဘေးအန္တရာယ်ကျရောက်ရာ ဒေသများမှ ရွာသားများအား ရဟတ်ယာဉ်နှင့် သယ်ယူပေးရလျက်ရှိကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြိုကျခဲ့သော ရေကာတာမှာ ရက်ဒ်လန်ရေကာတာဖြစ်ပြီး ရေလွှမ်းမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်အရှေ့တောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွား ၁၁ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရရှိ

ဒါကာ ဩဂုတ် ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဩဂုတ် ၁၈ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ ၁၁ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့က ပြောကြားသည်။

ရှာဖွေ

မြေပြိုမှုမှာ ဒါကာမြို့ အရှေ့တောင်ဘက် ၂၄၂ကီလိုမီတာအကွာရှိ ချစ်တာဂွန်မြို့အနီး ကျေးရွာတစ်ရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နေအိမ်အချို့ပျက်စီးသွားကြောင်း၊ နံနက်လင်းအားကြီးအချိန်၌ မြေပြိုခြင်းဖြစ်ကြောင်း၊ လူအချို့ပျောက်ဆုံးလျက်ရှိသဖြင့် ရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

အာဖရိကအရှေ့ပိုင်းနိုင်ငံများ ရေလွှမ်းနိုင် မိုးလေဝသကြိုတင်သတိပေးချက်ထုတ်ပြန်

ကိတ်တောင်း ဩဂုတ် ၁၈

အာဖရိကအရှေ့ပိုင်း နိုင်ငံများအနေဖြင့် လာမည့် ရက်အနည်းငယ်အတွင်းမိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်နိုင်ကြောင်း အမေရိကန် မိုးလေဝသဗျူရိုက ဩဂုတ် ၁၈ရက်၌ သတိပေးချက် ထုတ်ပြန်လိုက်သည်။

နိုင်ဂျာ၊ နိုင်ဂျီးရီးယားနှင့် ကင်မရွန်းနိုင်ငံတို့တွင် လာမည့်ရက် အနည်းငယ်အတွင်း မိုးသည်းထန်စွာရွာပြီး မိုးသက်မုန်တိုင်းများ ကျရောက်နိုင်ကြောင်း၊ ကောက်ပဲသီးနှံများပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့နိုင်ကြောင်း အဆိုပါသတိပေးချက်၌ ဖော်ပြထားသည်။

လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်၁၅ရက် နံနက်၁၀နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ၌ ကျင်းပသည်။

ပေးအပ်

ဂုဏ်ပြုပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဦးဇော်မင်းဝင်းတို့က အမှာစကား ပြောကြားကြသည်။ ယင်းနောက် လေဘေးသင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဆေးဝါးပစ္စည်းများ လှူဒါန်းခဲ့သည့် အလှူရှင် Nippon International Cooperation for Community Development (NICCO) မှ ရန်ကုန်ရုံးခွဲ ဒါရိုက်တာ Mr.Osamu Sato က နှုတ်ဆက်စကားပြောကြားပြီး လေဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်ထံ ပေးအပ်သည်။

ဆက်လက်၍ Mr. Osamu Sato က မြန်မာနိုင်ငံဆရာဝန်များအသင်းသို့ ဆေးဝါးများကို မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ဦးကျော်မြင့်နိုင်ထံ ပေးအပ်လှူဒါန်းပြီး လေဘေးသင့်ပြည်သူများကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို အသင်းဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်၊ အတွင်းရေးမှူး ဦးဇော်မိုးခိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းနွယ်ဝင်းတို့ထံ ပေးအပ်သည်။

(အပေါ်ပုံ)

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ ဦးဇော်မင်းဝင်းနှင့် ဒါရိုက်တာ Mr.Osamu Sato တို့က လေဘေးသင့်ပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွင်ဆောင်ရွက်ခဲ့ကြသူများအားဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှည်းကူးမြို့နယ် ရွှေဘုန်းပွင့်စေတီတော်၌ မေတ္တာအခါတော်နေ့ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

လှည်းကူးမြို့နယ် ကံ့ကော်ကျွန်းတောရ ရိပ်သာကျောင်းတိုက် ရွှေဘုန်းပွင့်စေတီတော်၌ မေတ္တာအခါတော်နေ့ အခမ်းအနားကို ဩဂုတ်၁၆ရက်က ကျင်းပသည်။ ရေးဦးစွာ အရုဏ်တက်ချိန်၌ ရွှေဘုန်းပွင့် စေတီတော်အား ဦးပေါ်စိန်-ဒေါ်ကြည်ကြည်၊ သမီး မသင်းသင်း၊ သား ကိုကြည်လွင် မိသားစု လှည်းကူးမြို့က ဆွမ်းတော်ကြီးများဖြင့် ကပ်လှူပူဇော်ကြပြီး ခေမာသီဂီ ဓမ္မစကြာဝတ် အသင်းသူ အသင်းသားများက မေတ္တသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကာ ဦးငွေးလွင်-ဒေါ်စန်းစန်းထွေး မိသားစု လှည်းကူးမြို့က သာဂူမုန့်များဖြင့် ကျွေးမွေးဧည့်ခံသည်။ ဆက်လက်၍ ကိုအောင်မြတ်သူ-မသီသီနှင့်မိသားစု ကုန်စုံဆိုင် လှည်းကူးဈေးနှင့် မွေးမြူရေးခြံ လှည်းကူးမြို့တို့က ရွှေဘုန်းပွင့်စေတီတော်လမ်းတွင် အသုံးပြုရန်အတွက် တန်ဖိုးငွေကျပ်နှစ်သိန်းတန် သံကူကွန်ကရစ် ရေထုတ်ပြွန်လေးလုံးကို လှူဒါန်းသည်။ လှူဒါန်းလိုသူများသည် ဦးအံ့ကူး ဖုန်း-၀၉-၅၀-၀၁၀၈၀၊ ဦးမြဝိတ်-ဒေါ်ကျင်အေး ဖုန်း-၆၂၉၂၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲတွင် ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ နောက်ဆုံးပွဲစဉ်(အုပ်စုပထမနေရာလုပွဲ) အဖြစ် ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အုပ်စုပထမရရှိသွားသည်။

အနိုင်ရရှိ

ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သစ်တောရေးရာဝန်ကြီးဌာနအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစားကြမည်

ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်၍ ပြိုင်ပွဲကို ဩဂုတ်၁၉ရက်မှ ၂၄ရက်အထိ ခေတ္တရပ်နားကာ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို အုပ်စု ပထမနှင့် ဒုတိယရရှိခဲ့ကြသော အသင်း၁၆သင်းဖြင့် ဆက်လက် ယှဉ်ပြိုင်စေမည်ဖြစ်ရာ ဩဂုတ် ၂၅ရက်တွင် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (ကက)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ပေါင်းလောင်းဘောလုံးအားကစားပြိုင်ကွင်းတွင် (ကက)အုပ်စုမှ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ဆည်၌ အလှူရှင်စက်ရေတွင်း စမ်းသပ်မောင်းနှင်

ကျောက်ဆည် ဩဂုတ် ၁၈

ကျောက်ဆည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်တွင် အလှူရှင် လှူဒါန်းငွေဖြင့် တူးဖော် ပြီးစီးသွားသော ဟံမြင့်မိုရ်ကျေးရွာ နှစ်လက်မ စက်ရေတွင်း ရေစမ်းသပ် မောင်းနှင်နေမှုကို ဩဂုတ် ၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်း ကွင်းဆင်း စစ်ဆေးရာ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေအား လက်ထောက် အင်ဂျင်နီယာ ဦးထွန်းရွှေက ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်

နီပေါနိုင်ငံဝန်ကြီးချုပ်အဖြစ် ပရာချန်ဒါ ကျမ်းသစ္စာကျိန်ဆို

ခတ္တမန္ဒူ ဩဂုတ် ၁၈

နီပေါနိုင်ငံ၏ အစိုးရအဖွဲ့သစ် ဝန်ကြီးချုပ်အဖြစ် ပရာချန်ဒါက ဩဂုတ်၁၈ရက်၌ ကျမ်းကျိန်ဆိုလိုက်ပြီဖြစ်သည်။

ကတိပြုပြောကြား

နီပေါနိုင်ငံ၏ ရိုးရာဓလေ့ဝတ်စုံဝတ်ဆင်ကာ ဝန်ကြီးချုပ်ရာထူးအတွက် ကျမ်းသစ္စာကျိန်ဆိုပွဲတွင် မိမိအနေဖြင့် နီပေါနိုင်ငံအား ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် အစိုးရအဖွဲ့သစ်ကို ဦးဆောင်ကာ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာချန်ဒါက ကတိပြုပြောကြားခဲ့သည်။

ပါကစ္စတန်သမ္မတ မူရှာရက်ဖ် ရာထူးမှနုတ်ထွက်ကြောင်းကြေညာ

ကရာချိ ဩဂုတ် ၁၈

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က ဩဂုတ်၁၈ရက်၌ နိုင်ငံတော်သို့ မိန့်ခွန်းပြောကြားရာတွင် ပါကစ္စတန် သမ္မတရာထူးမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

သမ္မတ မူရှာရက်ဖ်က မိမိတို့သည် ယခုအချိန်၌ အတိုက်အခံအငြင်းပွားမှုများ ပိုမိုပြုလုပ်ရမည့်အချိန်မဟုတ်တော့ကြောင်း ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားခဲ့သည်။

နုတ်ထွက်

မူရှာရက်ဖ်အနေဖြင့် သူ၏ မဟာမိတ်များ၊ အကြံပေးများနှင့် တိုင်ပင်ခဲ့ပြီးနောက် သမ္မတရာထူးမှ နုတ်ထွက်ရန် ယခုကဲ့သို့ ဆုံးဖြတ်ကြေညာခဲ့ခြင်းဖြစ်သည်။ ၁၉၉၉ခုနှစ်မှ စတင်ကာ သမ္မတရာထူး ရယူခဲ့သော မူရှာရက်ဖ်အနေဖြင့် ကိုးနှစ်ကြာမျှ သမ္မတတာဝန် ထမ်းဆောင်ခဲ့သည်။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိ ဘင်္ဂလားပင်လယ်အော်၌ အားကောင်းနေ

ရန်ကုန် ဩဂုတ် ၁၈

ဩဂုတ်၁၇ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသ အခြေအနေကို လေ့လာကြည့်လျှင် ကျူးဘားနိုင်ငံအရှေ့တောင်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်ခြင်း၊ နီပေါနိုင်ငံအနောက်ပိုင်းဒေသတွင် မြေပြိုမှုဖြစ်ပေါ်ခြင်း၊ အမေရိကန်နိုင်ငံ ဟူစတန်မြို့၌ လေဆင်နှာမောင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဩဂုတ် ၁၈ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို လေ့လာကြည့်က ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာသွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့၌ နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာသွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာသွန်းခဲ့သည်။

ဩဂုတ် ၁၈ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	၀ ဒသမ ၄၃ လက်မ	သံတွဲ	၅ ဒသမ ၄၄ လက်မ
သထုံ	၄ ဒသမ ၁၇ လက်မ	ကျောက်တော်	၃ ဒသမ ၁၉ လက်မ
မောင်တော	၂ ဒသမ ၈၇ လက်မ	ခမ္တီး	၂ ဒသမ ၆၈ လက်မ
မော်လမြိုင်	၂ ဒသမ ၄၈ လက်မ	ဘားအံ	၂ ဒသမ ၀၁ လက်မ

ဩဂုတ်၁၉ရက် **(ယနေ့)** ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းနိုင်သည်။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး မန္တလေးတိုင်း၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဩဂုတ်၁၉ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်၌ နေရာကွက်ကျားမိုးရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ရွာသွန်းနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မုတ်သုံလေအားကောင်း

ကပ္ပလီပင်လယ်ပြင်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားကောင်းနေသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀ခန့်အထိ တိုက်ခတ်နိုင်ကြောင်း ကိုးကားဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ပူထရာဇလားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အသင်း စင်ကာပူသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၈

၂၀၀၈ခုနှစ် ဩဂုတ် ၂၆ရက်မှ ၂၉ရက်အထိ စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပမည့် (၄၈)ကြိမ်မြောက် ပူထရာဇလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အသင်းသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားကြသည်။ **(အပေါ်ပုံ)**

ပို့ဆောင်နှုတ်ဆက်

မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အသင်းအား အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပါဝင်

မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အသင်းတွင် အသင်းအုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်၊ နည်းပြအဖြစ် ဦးကိုကိုလေးတို့နှင့် မြန်မာ့လက်ရွေးစင်များအဖြစ် အောင်ဝင်း၊ ဘိုဘိုလေး၊ နေဗလဝင်းမြင့်၊ စိုးမိုးဝင်းနှင့် ရန်နိုင်ဖြိုးတို့ ပါဝင်ကြသည်။

(သတင်းစဉ်)

သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို) ဆေးပညာဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ သွားနှင့်ခံတွင်း ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ရေး CDE အစီအစဉ်အရ New Era of Endodontic Technology for the General Practice (Endo Rez) ခေါင်းစဉ်ဖြင့် သွားဘက်ဆိုင်ရာ ဆေးပညာဟောပြောဆွေးနွေးပွဲကို ဩဂုတ်၂၃ရက်(စနေနေ့) နံနက်၉နာရီမှ မွန်းတည့်၁၂နာရီအထိ ကုန်သည်ကြီးများဟိုတယ် Ball Room ၌ ကျင်းပမည်ဖြစ်သည်။ Ultradent Inc-Win Pharmacy Group, Myanmar ၏ ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်သော အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ အသင်းသားဆရာဝန်တိုင်း တက်ရောက်နိုင်ကြပြီး အသေးစိတ်သိလိုပါက ဖုန်း-၀၉-၅၁-၃၀၂၆၅ နှင့် ၀၉-၅၁-၂၉၃၅၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ဆီမီးတစ်တိုင်မှသည် . . .

ခင်ဆွေမြင့် (မြန်မာစာ)

မြန်မာ့လူ့အဖွဲ့အစည်းသည် **"ပညာ"**ကို အလေးအမြတ်ထားသော လူ့အဖွဲ့အစည်းဖြစ်ပါသည်။ မြန်မာတို့သည် လူ့တန်ဖိုးကို ပညာဖြင့် ပိုင်းဖြတ်တတ်ကြသူများအဖြစ် သမိုင်းကို ဖြတ်သန်းခဲ့ကြသည်။ ပညာတွင်လည်း လောကုတ္တရာပညာနှင့် လောကီပညာဟူ၍ ခွဲခြားသိမြင်ကာ လက်ခံကျင့်သုံးကြသည်ကို တွေ့ရှိရပါသည်။

လောကုတ္တရာပညာဟူသည်မှာ လောကီထက် မြတ်သောပညာ၊ လောကီကိုကျော်လွန်သောပညာ၊ တစ်နည်းအားဖြင့် သံသရာအတွက် ချမ်းသာကို ရှာသောပညာ ဖြစ်သည်။ ဆင်းရဲဒုက္ခပြွမ်းလှသော လောကမှ လွတ်မြောက်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာသည် အမြတ်ဆုံးသော လောကုတ္တရာပညာ ဖြစ်ပါသည်။

လောကီပညာသည်လည်း မျက်မှောက်ကာလတွင် လက်တွေ့ရင်ဆိုင်နေရသော ဘဝကို ချမ်းသာစေသောပညာ၊ လောကကို ချမ်းသာစေသောပညာ ဖြစ်သည်။ ဆင်ခြင်သုံးသပ် ဆုံးဖြတ်နိုင်စွမ်းကို မှန်ကန်ထက်မြက်စေသော ပညာဖြစ်ပါသည်။

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများပြားလှသော မြန်မာ့လူ့အဖွဲ့အစည်းတွင် လောကုတ္တရာပညာနှင့် လောကီပညာနှစ်ရပ်လုံးကို လေ့လာလိုက်စား တန်ဖိုးထားကြပါသည်။

လူ့ဘဝခရီးကို အရွယ်သုံးပါးပိုင်းခြားပြီး ပထမအရွယ်တွင်ပညာရှာ၊ ဒုတိယအရွယ်တွင် ဥစ္စာရှာ၊ တတိယအရွယ်တွင် တရားရှာဟူ၍ ပညာနှစ်ရပ်ကို လုပ်ငန်းတာဝန် ခွဲဝေထားကြပါသည်။

"ပညာရဲရင့် ပွဲလယ်တင့်" "ပညာဟူသည် မြတ်ရွှေအိုး" "ငယ်စဉ်အခါ ပညာရှာ" "ပညာရှာ ပမာသူဖုန်းစား" "ပညာမရှိ သူ၏ဝန်ထမ်း" စသော စကားပုံများ၊ ဆိုရိုးစကားများသည် မြန်မာ့လူ့ဘောင်၏ ပညာရေးဆိုင်ရာ လမ်းညွှန်များ ဖြစ်ပါသည်။

"လောကနီတိ" အရ ဖွဲ့ဆိုထားသော ကဗျာတစ်ပုဒ်တွင်-

"ထုံးမပါဘဲ၊ ကွမ်းယာလည်းစား
ရှားပါးသူမှာ၊ တန်ဆာဆင်ယင်
ဟင်းအိုးတွင်လည်း၊ ဆားလျှင်ကင်းလတ်
အတတ်ပညာ၊ မရှိပါဘဲ
ကဗျာဖွဲ့ဆို၊ ထိုမျှလေးချက်
ရသပျက်၏"

ဟူ၍ ထုံးမပါသောကွမ်း၊ အလှ၊ ဥစ္စာမရှိပါဘဲ အလွန်အမင်း အလှပြင်ဆင်ယင်သူ၊ ဆားမပါသောဟင်း၊ စာပေပညာ မတတ်ပါဘဲ ကဗျာစာပေဖန်တီးသူ-ဤလေးမျိုးကို အရသာပျက်ခြင်းလေးမျိုးဟူ၍ ဖွဲ့ဆိုထားပါသည်။ "လောကနီတိ"သည် မြန်မာသက္ကရာဇ် ၆၆၀၊ လွန်ခဲ့သော နှစ်ရာပေါင်းများစွာသောကာလ ပင်းယခေတ်မှ ယခုထိတိုင် ကျွန်မတို့မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်ရည်ကျင့်ဝတ်များအဖြစ် ထင်ရှားခဲ့ပါသည်။ အထူးသဖြင့် မြန်မာတို့သည် လောကနီတိလာ "ပညာကဏ္ဍ"ကို လက်စွဲပြုပြီး ဘဝခရီးကို လျှောက်လှမ်းကြသူများ ဖြစ်ပါသည်။

ကျွန်မတို့မြန်မာများ အမြတ်တနိုး တန်ဖိုးထား မက်မောသော "ပညာ"ကို ဆီမီးဖြင့် သင်္ကေတပြုကြပါသည်။ ပညာသည် ဘဝအတွက်၊ လောကအတွက်၊ လောကုတ္တရာအတွက် အလင်းရောင်ဖြစ်စေသည် ဟူသော အနက်အဓိပ္ပာယ်ဖြစ်ပါသည်။ ထိုအခါ ပညာအလင်းရောင်ကို ထွန်းလင်းအောင် ဖန်တီးပေးသူများဖြစ်သည့် ဆရာ၊ ဆရာမများသည်လည်း "ဆီမီးတိုင်"များသဖွယ် ဖြစ်လာကြပါသည်။

ကဗျာစာဆို "ငွေတာရီ"က-

"ဘုရားရှေ့ဝယ်၊ အငွေ့လှိုင်လှိုင်
နံ့ကြိုင်ကြိုင်ဖြင့်၊ တစ်တိုင်ဆီမီး
ထိန်ထိန်ညီးတည့်။
သူ့အလျှံမှ၊ တစ်ဖန်ကူးဘိ
သူငါညှိလည်း၊ မသိလျော့ရာ
ထိန်မြဲသာတည့်။"

ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။ အဘယ်မျှပင်ကူးစက်ထွန်းညှိသော်လည်း မိမိ၏အလင်းရောင်မလျော့ပါးသော ဆီမီးတိုင်၏ သဘာဝကို သရုပ်ဖော်နိမိတ်ပုံဖွဲ့ခဲ့ခြင်း ဖြစ်ပါသည်။ စင်စစ်အားဖြင့်မူ ဆီမီးတိုင်သည် မိမိ၏ မူလအလင်းရောင် မလျော့သည်သာမက အသစ်အသစ်သော ဆီမီးတိုင်များကို တိုးပွားလာစေပြီး အလင်းရောင်အင်အား ပိုမို များပြားလာစေနိုင်သူ ဖြစ်ပါသည်။

ပညာသင်ကြားပို့ချပေးသူဆရာဆရာမများသည်"ဆီမီးတစ်တိုင်" သာဖြစ်ပါသည်။ ပညာသင်ယူသူတပည့်များသည် တိုးပွားလာသော များစွာသော ဆီမီးတိုင်များဖြစ်ကြပါသည်။ ဆီမီးတိုင်များ များပြားလာလေလေ အလင်းခွန်အား များပြားလာလေလေ ဖြစ်ပါသည်။

ပညာဆီမီးတိုင်များစွာကြောင့် လောက၏ အမိုက်မှောင်များကို ဖယ်ခွာရှင်းလင်းနိုင်ကြပါသည်။ လောကသည်ပိုမိုလင်းကျင်း တောက်ပလာပါလိမ့်မည်။ စိတ်ကောင်း၊ စေတနာကောင်း၊ ကိုယ်ကျင့်တရား ကောင်း၊ လုပ်ရည်ကိုင်ရည်ကောင်း၊ စွမ်းရည်ကောင်းများရှိသည့် ပြည်သူပြည်သားကောင်းများ တိုးတက်ပွားများ ထွန်းကားလာပါလိမ့်မည်။

ပညာရရှိခဲ့ကြပြီးဖြစ်သော တပည့်ဆီမီးတိုင်များသည် မိမိတို့တစ်တိုင်ချင်းချည်း လင်းမနေဘဲ အခြားအခြားသော ဆီမီးတိုင်များသို့ ကူးစက်ပြန့်ပွား လင်းလက်သွားအောင် စွမ်းဆောင်သင့်လှပါသည်။

တပည့်များအားလုံးသည် ဆရာအဖြစ်ဖြင့် အသက်မွေးကြသည် မဟုတ်သော်လည်း ပညာသင်သူ၊ စာသင်သူများကို ဝိုင်းဝန်းကူညီပံ့ပိုးပေးခြင်းဖြင့် ပြည်သူပြည်သားကောင်းတာဝန်ကို ထမ်းဆောင်နိုင်ကြပါသည်။ဤသို့သောနည်းဖြင့် မိမိတည်းဟူသော ဆီမီးတိုင်ကို မိမိတစ်ယောက်အတွက်၊ မိမိ မိသားစုတစ်စုအတွက်၊ မိမိ ပတ်ဝန်းကျင်တစ်ခုအတွက်မျှသာ မထွန်းလင်းဘဲ လောက၏နေရာအနှံ့အပြားတွင် အများအတွက် ထွန်းလင်းစေနိုင်မည်ဖြစ်ပါသည်။ဤသဘောကို ကျောင်းဆရာမဖြစ်သော ကျွန်မသည်ပင်လျှင် နှစ်ပေါင်းများစွာ မတွေးမိ၊ မမြင်မိ၊ သတိမပြုမိခဲ့ကြောင်း ဝန်ခံလိုပါသည်။

ကျွန်မအဖေသည် ပြည်နယ်မြို့ကြီးတစ်မြို့မှ အထက်တန်းပြဆရာဖြစ်ပါသည်။ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်းတွင် ပင်ရင်း မြန်မာစာနှင့် စိတ်ကြိုက်မြန်မာစာ သင်ပါသည်။ မြန်မာစာပေကို သင်ကြားပို့ချရခြင်း ဖြစ်သောကြောင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ ကိုယ်ကျင့်တရား၊ လူမှုကျင့်ဝတ် အစရှိသော မြန်မာ့တန်ဖိုး၊ လူ့တန်ဖိုးများကိုပါ ဆက်စပ်သွန်သင်နိုင်ခဲ့ပါသည်။ ဆီမီးတစ်တိုင်မှသည် ဆီမီးတိုင်များစွာဖြစ်သော တပည့်များအား အလင်းရောင် ကူးစက်လင်းလက်စေနိုင်ခဲ့ပါသည်။ ဆရာမိဘစကားကို နားထောင်တတ်သော၊ လိုက်နာကျင့်သုံးတတ်သော ဖေဖေ့၏ တပည့်ကြီးများသည်လည်း တောက်ပသော ဆီမီးတိုင်များ ဖြစ်လာကြပါသည်။

ဖေဖေကွယ်လွန်ပြီးနောက် ဖေဖေ့ကျောင်းအတွက် မေမေနှင့် သားသမီးများက အလှူငွေပို့ပေးခဲ့ကြပါသည်။ ဖေဖေ့ တပည့်ကြီးများသည် ကျွန်မတို့၏ မများလှသောအလှူငွေကို သူတို့ထည့်ဝင်ငွေများနှင့် စုပေါင်းကာ ကျောင်းအတွက် Foundation တစ်ခု ထူထောင်ကြပါသည်။ ငွေပင်ငွေရင်း တိုးပွားအောင် ကြိုးစားကြပါသည်။ အကျိုးအမြတ်ငွေဖြင့် စာကြိုးစားသူ၊ စာတော်သူ၊ စာကြိုးစားချင်သူ၊ စာတော်ချင်သူ၊ ပညာတတ်စာတတ်ချင်သူ ကျောင်းသူကျောင်းသားများအား စနစ်တကျ ပံ့ပိုးကြပါသည်။

> **ပညာသင်ကြားပို့ချပေးသူ ဆရာ ဆရာမများသည် "ဆီမီးတစ်တိုင်"သာဖြစ်၏။ ပညာသင်ယူသူ တပည့်များသည် တိုးပွားလာသော များစွာသော ဆီမီးတိုင်များဖြစ်၏။ ပညာဆီမီးတိုင်များစွာကြောင့် လောက၏ အမိုက်မှောင်များကို ဖယ်ခွာရှင်းလင်းနိုင်၏။**

ထူးချွန်သူများကို လစဉ် ဂုဏ်ပြုငွေချီးမြှင့်ပါသည်။ ချီးမြှင့်ငွေသည် ထောင်ဂဏန်းမျှသာ ဖြစ်သော်လည်း ကလေးများအား စိတ်ဓာတ် တက်ကြွပျော်ရွှင်စေပါသည်။

စာသင်နှစ်ဟောင်းကုန်ဆုံးချိန်နှင့် စာသင်နှစ်သစ်စာမေးပွဲ နီးချိန်များတွင် တက္ကသိုလ်ဝင်တန်းအတွက် စာသင်ဝိုင်းများ စီစဉ်ပေးကြ ပါသည်။ အငြိမ်းစားဆရာ၊ ဆရာမများ၊ တာဝန်ထမ်းဆောင်ဆဲ ဆရာ၊ ဆရာမများ၊ စာသင်ကောင်းသူများ၊ စာသင်တတ်သူများက ဝိုင်းဝန်းကူညီ သင်ကြားပေးကြပါသည်။ ကြိုးစားသူ၊ ငွေကြေးမတတ်နိုင်သူ၊ ပညာ တတ်ချင်သူ၊ စာတတ်ချင်သူ ကျောင်းသူကျောင်းသားများအတွက် ထိရောက်လှသော အစီအစဉ်ဖြစ်ပါသည်။ ကျောင်း၏အောင်ချက် ပိုကောင်းလာပါသည်။ ဂုဏ်ထူးရသူ အရေအတွက်၊ ဂုဏ်ထူးအရေအတွက် ပိုများ လာပါသည်။ ဖေဖေ ကူးစက်ထွန်းညှိပေးခဲ့သော ဆီမီးတိုင်များက ဆက်လက်ကူးစက်ထွန်းညှိပေးခဲ့ကြခြင်း ဖြစ်ပါသည်။

ကျောင်းသူကျောင်းသားများအား ကိုယ်တိုင်စာသင်ပေးနိုင်မှသာ ပညာဆီမီးကို ထွန်းညှိပေးနိုင်ခြင်းမဟုတ်ပါပေ။ မိမိတို့အား ပညာပေးခဲ့သော၊ ချမ်းသာကိုဆောင်စေခဲ့သော၊ လူ့လောကတွင် တင့်တယ် စေခဲ့သော မိမိတို့၏ ငယ်ကျောင်းများမှ ကျောင်းသား ကျောင်းသူငယ်များ၏ ပညာရေးအတွက် အဓိပ္ပာယ်ရှိရှိ ထိထိမိမိ အထောက်အကူပြုခြင်းသည် ပညာဆီမီးတိုင်၊ဘဝဆီမီးတိုင်၊လောကဆီမီးတိုင်၊အနာဂတ်နိုင်ငံတော်၏ ဆီမီးတိုင်များကို ထွန်းလင်းစေခြင်းပင် ဖြစ်ပါသည်။

ဘင်္ဂလားပင်လယ်အော်မှ ဒေါသတကြီးဖြင့် ဝုန်းဒိုင်းကြဲ ဝင်ရောက်လာသော မုန်တိုင်းကြီးကြောင့် ကျွန်မတို့နှင့် ဘဝအဆက်ဆက်က အဆွေအမျိုး မိတ်ဆွေသင်္ဂဟ တော်စပ်ခဲ့ကြသော ကျွန်မတို့၏ ပြည်သူ မြောက်မြားစွာသည် အသက်စည်းစိမ် အိုးအိမ်များ ဆုံးရှုံးပျက်စီးခဲ့ကြရပါသည်။ ထိတ်လန့်တုန်လှုပ်စွာ အသက်သေဆုံးခဲ့ကြရသူများအတွက်လည်းကောင်း၊ လင်သေ၊ သားဆုံး၊ ဇနီးဆုံး၊ မိဘဆွေမျိုးများ ဆုံးရှုံးခဲ့ရသော ကျန်ရစ်သူများ၏ စိတ်နှလုံးထိခိုက် ပူဆွေးမှုများအတွက်လည်းကောင်း ကျွန်မတို့ ဝမ်းနည်းကြေကွဲကြရပါသည်။ စိတ်ထိခိုက်တုန်လှုပ်ကြရပါသည်။ ကယ်ဆယ်ကူညီရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့်တကွ နိုင်ငံတကာမှ ပြည်သူများ၊ NGO အဖွဲ့များ၊ INGO အဖွဲ့များ၊ ပုဂ္ဂလိက အလှူရှင်များသည် စေတနာအပြည့်အဝဖြင့် နေ့မအား၊ ညမနား မအိပ်မနေ လုပ်ဆောင်ကြပါသည်။ အရေးပေါ် ကယ်ဆယ်ရေး၊ နေရေး ထိုင်ရေး၊ စားရေးသောက်ရေး၊ ကျန်းမာရေး ကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြပါသည်။ အရေးပေါ်အခြေအနေကို ထိန်းချုပ်နိုင်သည်နှင့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ခဲ့ကြပါသည်။ မုန်တိုင်းသင့်ဧရိယာ နယ်ပယ်သည် ကျယ်ပြန့်လွန်းလှသည်နှင့်အမျှ အဆုံးအရှုံး အပျက်အစီး များပြားလှသောကြောင့် အိမ်ဆောက်ခြင်း၊ ရွာတည်ခြင်း၊ လယ်ယာလုပ်ငန်းခွင်သုံး ကိရိယာများ၊ ရေလုပ်ငန်းခွင်သုံးကိရိယာများ ဖြည့်ဆည်းခြင်း စသော ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ၏ ထုထည်ပမာဏသည်လည်း အဆမတန် ကြီးမားလှပါသည်။

မုန်တိုင်းကြီး၏ သိမ်းကျုံးဖြိုလှဲမှုကြောင့် အခြေခံပညာသင် ကျောင်းပေါင်းများစွာသည်လည်း ပြိုလဲပျက်စီးကြရ၊ ရေတွင် မျောပါကြရပါသည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် NGO အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ အလှူရှင်များသည် အားနှင့်မာန်နှင့် ဝိုင်းကြဝန်းကြ ပြန်လည် တည်ဆောက်ပေးနေကြပါသည်။ ကျောင်းအဆောက်အအုံများစွာနှင့် ကျောင်းဆောင်အမိုးများ လှူဒါန်းကြခြင်း၊ ကျောင်းဝတ်စုံများ လှူဒါန်းကြခြင်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းကြခြင်းစသော ထုနှင့်ထည်နှင့်၊ အုံနှင့်ကျင်းနှင့် လှူဒါန်းကြသော သတင်းများကိုလည်း ကြားသိရသောကြောင့် ဝမ်းသာကြည်နူးကြရပါသည်။

သိပ္ပံမောင်ဝက ဆရာစော၏ **"တပေကုလား"** ရွာကျောင်းမှ **"ကျောင်းသားများအနက် နောင်နှစ်ပေါင်းလေးငါးဆယ် လွန်မြောက်လျှင် မြန်မာပြည်သမ္မတ မဖြစ်ဘူးဟူ၍ မည်သူပြောကြားနိုင်အံ့နည်း"**ဟု ပြောခဲ့ဖူးပါသည်။

ကျေးလက်တောရွာများမှ အခြေခံပညာမူလတန်းကျောင်းများတွင် နေခဲ့ကြသော ကျောင်းသားဟောင်းများ၊ အဆိုပါ ကျောင်းများက ထွန်းညှိပေးခဲ့သော ဆီမီးတိုင်များသည် မြန်မာနိုင်ငံတစ်လွှားနှင့် နိုင်ငံရပ်ခြား နေရာအနှံ့အပြားတွင် ရောက်ရှိနေကြမည် ဖြစ်ပါသည်။ ရာထူးရာခံကြီးမားသူများ၊ အဆင်ပြေချောမွေ့နေသူများ၊ ချမ်းသာကြွယ်ဝနေသူများ များစွာရှိနေ ကြမည်ဖြစ်ပါသည်။ ဖေဖေ၏ တပည့်ကြီးများကဲ့သို့ စေတနာအား ကောင်းသူ၊ သဒ္ဓါတရားထက်သန်သူ၊ ပိုမိုချမ်းသာကြွယ်ဝသူ၊ ပိုမို လုပ်ဆောင်နိုင်စွမ်းရှိသူများလည်း များစွာရှိနိုင်ပါသည်။ ဤသူများသည် မိမိတို့၏ ငယ်ဘဝမူလတန်းကျောင်းလေးက ထွန်းပေးခဲ့သော မိမိတို့၏ ဆီမီးတိုင်ကို ဆက်လက်ပွားများ ထွန်းညှိပေးနိုင်ကြသူများလည်း ဖြစ်ကြပါသည်။

မိမိရွာ မိမိကျောင်းများအတွက် တစ်ဦးချင်း၊ တစ်ယောက်ချင်း အနေဖြင့် လှူဒါန်းနေသူများ၊ နေရာအနှံ့အပြားမှ ကူညီပံ့ပိုးနေသူများ များစွာရှိကြသည်ဟုလည်း သိရှိရပါသည်။ ထိုမျှသာမကပါဘဲ ကျောင်းသားဟောင်းသူငယ်ချင်းများကို စုစည်းနိုင်သမျှ စည်းရုံးစုစည်းပြီး စုပေါင်းအားဖြင့် ငယ်ကျောင်းမှ သားငယ်သမီးငယ်များ၏ ရေရှည်ပညာရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးခြင်းပြုကြပါလျှင်မူ အလွန်ခရီးရောက်သော ပညာရေးအလှူကြီး ဖြစ်လာပါလိမ့်မည်။

ကလေးများ၏ ပညာရေး ခါးဆက်မပြတ်အောင်၊ ဘဝခါးဆက်မပြတ်အောင် ပညာတံတား၊ စေတနာတံတား ခင်းပေးခြင်းလည်း ဖြစ်ပါသည်။

ကလေးငယ်များ၏အနာဂတ်၊မိမိကျောင်း၏အနာဂတ်၊နိုင်ငံတော်၏ အနာဂတ်အတွက် ဆီမီးအလင်းရောင်ကို ဆက်လက်ပြန့်ပွားထွန်းညှိပေးခြင်းလည်း ဖြစ်ပါသည်။ ဤသို့သောနည်းဖြင့် ငယ်ကျောင်း၏ ကျေးဇူး၊ ငယ်ဆရာများ၏ ကျေးဇူးကို အကောင်းဆုံး၊ အမြတ်ဆုံး ပေးဆပ်လိုက်ခြင်းလည်း ဖြစ်ပါသည်။

ငယ်ဆရာဆီမီးတစ်တိုင်က ထွန်းညှိပေးလိုက်သော ဆီမီးတိုင်များ၏ စုပေါင်းစေတနာအား၊ စုပေါင်းစွမ်းအားဖြင့် ဆီမီးတိုင်များစွာကို ဆက်လက်ထွန်းညှိပေးခြင်းအားဖြင့် ကလေးတစ်ဦးစီ၏ဘဝ၊ မြန်မာ့လူ့အဖွဲ့အစည်း၏ ပုံရိပ်သွင်ပြင်ကို လင်းကျင်းလှပလာစေလိမ့်မည်ဖြစ်ပါကြောင်း စဉ်းစားဆင်ခြင်မိသမျှ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

"တစ်တိုင်ဆီမီး၊ မထိန်ညီးလည်း
ဆီမီးများစွာ၊ ပေါင်းစည်းကာလျှင်
ရောင်ဝါပြန့်ကျင်း၊ နေ့အခင်းသို့
လင်းကျင်းဝင်းပ၊ မြန်မာ့ဘဝကို
အလှဖန်တီးကြပါစို့"။ ။

ဗန်ကောက်မြို့တွင်ကျင်းပမည့် အာဆီယံ ချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်း ပါဝင်ယှဉ်ပြိုင်ရန် အပြီးသတ် ၁၂ဦးရွေးချယ်လေ့ကျင့်

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းအား လေ့ကျင့်ရေးကွင်း၌ တွေ့ရစဉ်။

ရန်ကုန် ဩဂုတ် ၁၈

၂၀၀၈ခုနှစ် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲကို ဩဂုတ်၂၇ရက်မှ ၃၁ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယခုအခါ အပြီးသတ် ၁၂ဦးကို ရွေးချယ်၍ ပြိုင်ပွဲအတွက် ပြင်ဆင်မှုများလုပ်လျက်ရှိသည်။ မြန်မာအသင်းသည် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲကို တတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းလည်း ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲကို ၂၀၀၁ခုနှစ်မှစ၍ ကျင်းပခဲ့ပြီး ယခုကျင်းပမည့်ပြိုင်ပွဲမှာ (၆)ကြိမ်မြောက် ကျင်းပမည့် ပြိုင်ပွဲပင်ဖြစ်သည်။ ပြိုင်ပွဲတစ်လျှောက် အအောင်မြင်ဆုံးအသင်းမှာ ထိုင်းအသင်းဖြစ်ပြီး ပြီးခဲ့သည့် (၅)ကြိမ်စလုံးတွင် ဗိုလ်စွဲထားခဲ့သည်။ မြန်မာအသင်းမှာမူ ၂၀၀၆ခုနှစ် စတုတ္ထအကြိမ်မြောက် ပြိုင်ပွဲမှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယင်းယှဉ်ပြိုင်သည့် ပြိုင်ပွဲမှာ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း၏ ပထမဦးဆုံး နိုင်ငံတကာပြိုင်ပွဲလည်း ဖြစ်ခဲ့သည်။ မြန်မာအသင်းမှာ ပွဲဦးထွက်ပြိုင်ပွဲမှာပင် ရလဒ်ကောင်းရရှိခဲ့ပြီး တတိယကြေးတံဆိပ်ရရှိသည်အထိ အတိုင်းအတာတစ်ခု အောင်မြင်ခဲ့သည်။ ၂၀၀၇ခုနှစ်ပြိုင်ပွဲတွင် မြန်မာအသင်းမှာ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

လေ့ကျင့်မှုပြုလုပ်

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲကို တတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဇွန်၂၃ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ ပဏာမ ကစားသမား၂၀ဖြင့် စတင်လေ့ကျင့်ခဲ့ပြီး ဇူလိုင် နောက်ဆုံးပတ်ကျမှသာ စခန်းဝင် လေ့ကျင့်ခြင်းလည်းဖြစ်သည်။ အပြီးသတ် ၁၂ဦးကိုမူ ဩဂုတ် ဒုတိယပတ်တွင် ရွေးချယ်ခဲ့သည်။ ၂၀၀၈ အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲဝင်မည့် မြန်မာဖူဆယ်အသင်းတွင် ၂၀၀၇အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲနှင့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်အသင်းများမှ ကစားသမားအများစုပါဝင်လာပြီး လူသစ်အနေဖြင့် ကမ္ဘောဇမှ အောင်ကျော်ဦးနှင့် တပ်မတော်(ရေ)မှ နိုင်ဝင်းတို့နှစ်ဦးသာ ပြန်လည်ပါဝင်လာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဘောလုံးအားကစားနည်းတစ်ခုတည်းကိုသာ တိုးတက်အောင်မြင်ရန် ဆောင်ရွက်နေသည်မဟုတ် ဖူဆယ်အားကစားနည်းကို ၂၀၀၅ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်နေပြီး သဲသောင်ပြင် ဘောလုံးအားကစားနည်းကိုလည်း ၂၀၀၈ခုနှစ်အတွင်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နေပြီး ပြည်ပပြိုင်ပွဲ ယှဉ်ပြိုင်ရန်အထိ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ပြည်တွင်း၌ ဖူဆယ်အားကစားနည်း ပြန့်ပွားစေရန်အတွက် ၂၀၀၅ခုနှစ်အတွင်း လက်ရွေးစင်ဟောင်း ဘောလုံးသမားများဖြင့် သရုပ်ပြပွဲကျင်းပခဲ့ပြီး ပထမအကြိမ် မြို့တော်ဝန်ဖလား ဖူဆယ်ပြိုင်ပွဲကို အသင်းပေါင်း ၂၀ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သည့် ကစားသမားများနှင့် ဝါရင့်ဘောလုံးသမားများ ပေါင်းစပ်ကာ ၂၀၀၆ခုနှစ် မေ၂ရက်မှ၇ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော ၂၀၀၆ခုနှစ် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သည်။

အနိုင်ရဗိုလ်စွဲ

မျိုးလှိုင်ဝင်း၊ ထွန်းထွန်းထက်၊ မောင်မောင်ဌေးစသည့် သမ္မာရင့်ကစားသမားများ၊ ကျော်ဒွန်း၊ မောင်မောင်မြင့်၊ ခင်မောင်ထွန်း၊ တင်မင်းထွန်းစသည့် ကစားသမားများပါဝင်လာသော မြန်မာအသင်းမှာ အုပ်စုတွင် ဘရူနိုင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး အိမ်ရှင်ထိုင်းကို ၂၂ဂိုး-သုံးဂိုးဖြင့်ရှုံးကာ အုပ်စုဒုတိယရရှိခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် အင်ဒိုနီးရှားကို ငါးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး တတိယနေရာလုပွဲတွင် ကမ္ဘောဒီးယားကို ၁၀ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ကြေးတံဆိပ် ရရှိခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် ထိုင်းက အင်ဒိုနီးရှားကို ၁၀ဂိုး-သုံးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

၂၀၀၇ခုနှစ် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲကို ထိုင်းနိုင်ငံတွင် မတ်လ ၂၆ရက်မှ ၃၁ရက်အထိ ကျင်းပခဲ့ရာ မြန်မာအသင်းမှာ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းမှာ ၂၀၀၆ခုနှစ်ပြိုင်ပွဲဝင်အသင်းမှ အတွေ့အကြုံရှိ ကစားသမားအချို့နှင့် လူငယ်ကစားသမားများကို ပေါင်းစပ်ကာ ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။ အုပ်စုတွင် ဘရူနိုင်းကို ၁၀ဂိုး-သုံးဂိုးဖြင့်နိုင်ပြီး အိမ်ရှင်ထိုင်းကို ၁၁ဂိုး-နှစ်ဂိုး၊ ဗီယက်နမ်ကို ခြောက်ဂိုး-လေးဂိုးတို့ဖြင့် နှစ်ပွဲဆက်ရှုံးနိမ့်ကာ အကြိုဗိုလ်လုပွဲနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် ထိုင်းက ဩစတြေးလျကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကိုလည်း မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အုပ်စုတွင် အိမ်ရှင်ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား သုံးသင်းစလုံးကို ရှုံးနိမ့်ကာ အုပ်စုမှထွက်ခဲ့ရသည်။

မြန်မာအသင်းမှ ကျော်ဒွန်းနှင့် အောင်မိုးတို့ လေ့ကျင့်စဉ်။

အမာခံဖွဲ့စည်းထား

ထို့ကြောင့် ယခုပြိုင်ပွဲမှာ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း၏ လေးကြိမ်မြောက် ပြည်ပပြိုင်ပွဲတစ်ခုလည်းဖြစ်သည်။ ၂၀၀၈ အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲ၏ အုပ်စုခွဲဝေ ထားမှုအရ မြန်မာအသင်းသည် အုပ်စု(က)၌ အိမ်ရှင် ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်လျက်ရှိသည်။ မြန်မာအသင်းသည် ထိုင်းအသင်းနှင့် ရေစက်ဆုံသည်ဟုဆိုနိုင်ပြီး လေးကြိမ်ဆက်တိုက် တွေ့ဆုံလျက်ရှိသည်။ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့မှာလည်း မြန်မာအသင်းနှင့် တွေ့ဆုံဖူးသော အသင်းများဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာအသင်းမှာ ၂၀၀၇ခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သော အာဆီယံဖူဆယ်ပြိုင်ပွဲနှင့် ဆီးဂိမ်း ပြိုင်ပွဲဝင်အသင်းတို့ကို အမာခံဖွဲ့စည်းထားခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲနှစ်ခုစလုံးတွင် ပါဝင်ခဲ့သော ကျော်ဇင်ညွန့်၊ ထွန်းလင်းအောင်၊ ကျော်ဒွန်း၊ မောင်မောင်မြင့်၊ဖြိုးမင်းမောင်(ဂိုး)၊အောင်ဝင်းနိုင်(ဂိုး)၊စိုးမင်းဦး၊တင့်နိုင်ထွန်းသိန်းနှင့်ညွန့်ဝင်းတို့ ကိုးဦးပြန်ပါလာပြီး အာဆီယံဖူဆယ်ပြိုင်ပွဲဝင်အသင်းမှ အောင်မိုးတို့ တစ်ကျော့ပြန်ပါဝင်လာကြသည်။

ပြိုင်ပွဲဝင်မည့် အသင်းအနေအထားနှင့် ပတ်သက်၍ နည်းပြ ဦးသက်နိုင်က **"ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်ချိန် နှစ်လနီးပါးရရှိကြောင်း၊ ထိုကာလအတွင်း နည်းပြ ဦးဌေးမြင့်နှင့် ပူးပေါင်း၍ အသင်းကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထား**

အသင်းမှ ကစားသမားအများစုမှာ လက်တွဲ လာတာကြာပြီဖြစ်၍ နားလည်မှုရော အသင်း လိုက် ကစားအားပါ ပိုမိုကောင်းမွန်လာ။

ကြောင်း၊ အသင်းမှကစားသမားအများစုမှာ လက်တွဲလာတာကြာပြီဖြစ်၍ နားလည်မှုရော အသင်းလိုက် ကစားအားပါ ပိုမိုကောင်းမွန်လာကြောင်း၊ အုပ်စုမှာ အသင်းကောင်းများနှင့် တွေ့ဆုံနေ၍ အုပ်စုကျပ်ပင်ဖြစ်ကြောင်း၊ အိမ်ရှင်ထိုင်းမှာ ယခုပြိုင်ပွဲ(၅)ကြိမ်စလုံးတွင် ဗိုလ်စွဲထားသည့် အသင်းဖြစ်သလို ဖူဆယ်နှင့်လည်း အဆက်မပြတ် ထိတွေ့နေကြသူများဖြစ်ကြောင်း၊ အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်တို့မှာ မိမိတို့ကို အနိုင်ရရှိထားဖူးသော်လည်း ယခုအကြိမ်တွင် ပြန်လည်အနိုင်ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ပြီးခဲ့သည့် ဆီးဂိမ်းတွင် အုပ်စုနောက်ဆုံးပွဲ၌ ဖိလစ်ပိုင်ကိုရှုံးရသည်မှာလည်း မိမိတို့မှာ ရှုံးရှုံးနိုင်နိုင် အုပ်စုမှထွက်ရပြီဖြစ်၍ Tempo ကို ထင်သလောက် မတင်ခဲ့၍ ဖြစ်ပါကြောင်း၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့၏ ခြေစွမ်းမှာ မိမိတို့အနိုင်ရနိုင်သည့် အနေအထားတွင် ရှိပါကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲဝင်ခဲ့သည့်အသင်းမှ ကိုးဦး ပြန်ပါလာသလို ဆီးဂိမ်းအသင်းထက်ပင် ယခုအသင်းကို ပိုအားရကြောင်း၊ အုပ်စုတက်ရန်အတွက် ပွဲဦးထွက်အင်ဒိုနီးရှားနှင့်ပွဲကို အနိုင်ရရှိရန် လိုအပ်ပါကြောင်း၊ အုပ်စုအဆင့် ကျော်လွန်ပြီး ဆုတံဆိပ်ရရှိနိုင်အောင် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း" ဟု ပြောကြားသွားသည်။

ယှဉ်ပြိုင်ကစားရမည်

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် အုပ်ချုပ်သူ ဦးကြည်မင်းသိန်း၊ နည်းပြ ဦးသက်နိုင်နှင့် ဦးဌေးမြင့်၊ အားကစားသမား ကျော်ဒွန်း(ပို့ဆောင်ရေး)၊ အောင်မိုး (ကမ္ဘောဇ)၊ တင့်နိုင်ထွန်းသိန်း (မြို့တော်စည်ပင်)၊ ထွန်းလင်းအောင်(ဆောက်လုပ်ရေး)၊ မောင်မောင်မြင့်(ပို့ဆောင်ရေး)၊ အောင်ကျော်ဦး (ကမ္ဘောဇ)၊



နည်းပြ ဦးသက်နိုင်။

ညွန့်ဝင်း (မြို့တော်စည်ပင်)၊ စိုးမင်းဦး(ကမ္ဘောဇ)၊ အောင်ဝင်းနိုင် (ဂိုး-မြို့တော်စည်ပင်)၊ ဖြိုးမင်းမောင်(ဂိုး-ပို့ဆောင်ရေး)၊ နိုင်ဝင်း (တပ်မတော်ရေ)နှင့် ကျော်ဇင်ညွန့် (ဆောက်လုပ်ရေး)တို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ဩဂုတ်၂၇ရက်တွင် အင်ဒိုနီးရှား၊ ၂၈ရက်တွင် ထိုင်း၊ ၂၉ရက်တွင် ဖိလစ်ပိုင်တို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

နည်းပြ ဦးသက်နိုင်နှင့် ဦးဌေးမြင့် သင်ကြားပြသနေစဉ်။

၂၀၀၈ အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်ဇယား	
(က)အုပ်စု	(ခ)အုပ်စု
ထိုင်း	မလေးရှား
ဖိလစ်ပိုင်	လာအို
အင်ဒိုနီးရှား	ဗီယက်နမ်
မြန်မာ	ဘရူနိုင်း

၂၇-၈-၂၀၀၈	အင်ဒိုနီးရှား	-	မြန်မာ
	မလေးရှား	-	လာအို
	ထိုင်း	-	ဖိလစ်ပိုင်
	ဗီယက်နမ်	-	ဘရူနိုင်း
၂၈-၈-၂၀၀၈	ဖိလစ်ပိုင်	-	အင်ဒိုနီးရှား
	လာအို	-	ဗီယက်နမ်
	မြန်မာ	-	ထိုင်း
	ဘရူနိုင်း	-	မလေးရှား
၂၉-၈-၂၀၀၈	ထိုင်း	-	အင်ဒိုနီးရှား
	ဗီယက်နမ်	-	မလေးရှား
	မြန်မာ	-	ဖိလစ်ပိုင်
	ဘရူနိုင်း	-	လာအို
၃၀-၈-၂၀၀၈	အကြိုဗိုလ်လုပွဲ		
၃၁-၈-၂၀၀၈	တတိယလုပွဲ၊ ဗိုလ်လုပွဲ		

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၀၈ ပေကျင်းအိုလံပစ်အားကစားပွဲတော် ဆက်လက်ဆင်နွှဲ
အမျိုးသမီးတုတ်ထောက်ခုန်၌ ရုရှားမယ် ကမ္ဘာ့စံချိန်သစ်တင်

မောင်မောင်မြင့်ဆွေ ရေးသားသည် (ကိုးကား - ဆင်ဟွာသတင်းအချက်အလက်များ)

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)



အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်၌ ရှေ့ဆုံးမှ ပန်းဝင်လာသည့် ဗြိတိသျှအပြေးသမား အင်ဒရူးစတီးလ်။

ပေကျင်း ဩဂုတ် ၁၈

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို ဆက်လက်ကျင်းပလျက်ရှိရာ သက်ဆိုင်ရာအားကစားပြိုင်ပွဲရုံများ၌ နိုင်ငံပေါင်းစုံမှ နိုင်ငံကိုယ်စားပြု အားကစားမောင်မယ်များ အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိကြသည်။ ဩဂုတ် ၁၈ရက်က ပြိုင်ပွဲဝင်ခဲ့သည့်အားကစားသမားများအနက် အောင်ပွဲရအားကစားသမားအချို့ကို အောက်ပါအတိုင်း စုစည်းဖော်ပြလိုက်ပါသည်-

သုံးမျိုးအားကစား

အမျိုးသမီးသုံးမျိုးအားကစား ပြိုင်ပွဲဖြစ်သည့် ရေကူး၊ စက်ဘီးနှင့် အပြေး ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို ဆက်လက်ကျင်းပရာ သြစတြေးလျမှ အီမာစနိုးစီးလ်က ၁နာရီ ၅၈မိနစ်၂၇စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးသွားသည်။ ပိုလန်အားကစားမယ် ဗာနက် ဆာဖာနန်ဒက်စ်က ၁နာရီ ၅၉မိနစ် ၃၄စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိပြီး သြစတြေးလျမှ အီမာမိုဖက်က ၁နာရီ ၅၉မိနစ် ၅၅စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။



သုံးဆင့်ခုန် ပြိုင်ပွဲ

အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲ ကွာတားဖိုင်နယ်၌ ဗြိတိသျှ အပြေးသမား ဖိလစ်အိုင်ဒေါယူ၏ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ဟန်။

ရွက်လှေ

အမျိုးသမီးနှစ်ယောက်တွဲ ရွက်လှေ ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဆက်လက်ကျင်းပရာ သြစတြေးလျမှ အားကစားမယ်များက ၄၃မှတ်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့သည်။ နယ်သာလန်ရွက်လှေမယ်အတွဲက ၅၃ မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ဘရာဇီး ရွက်လှေမယ်အတွဲက ၅၅မှတ် ၆၀ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ကျွမ်းဘား

အမျိုးသားကျွမ်းဘားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ တရုတ်ကျွမ်းဘားကစားသမား ချန်ယီဘင်းက ၁၆ဒသမ၆၀၀မှတ်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးသွားသည်။ ထို့အတူ တရုတ်ကျွမ်းဘားကစားသမားယန်ဝေက ၁၆ဒသမ ၄၂၅မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ယူကရိန်းမှ ဗိုရီဘီရှောဗ်က ၁၆ ဒသမ ၃၂၅မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။



ကျွမ်းဘား ရွှေတံဆိပ်ရရှိခဲ့သည့် တရုတ်မှ ချန်ယီဘင်း။

စက်ဘီး

အမျိုးသားအဖွဲ့လိုက် စက်ဘီးစီးပြိုင်ပွဲတွင် ဗြိတိသျှစက်ဘီးစီးအဖွဲ့က ၃မိနစ် ၅၃ ဒသမ ၃၁၄ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ဒိန်းမတ် စက်ဘီးစီးအဖွဲ့က ၄ မိနစ် ၀ ဒသမ ၀၄စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့သည်။ နယူးဇီလန်မှ စက်ဘီးစီးအဖွဲ့က ၃မိနစ် ၅၇ဒသမ၇၇၆စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ရွက်လှေ

အမျိုးသားနှစ်ယောက်တွဲ ရွက်လှေ ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် ဒိန်းမတ်မှ ဂျိုနက်စ်ဝါရာနှင့် မာတင်တို့က ၆၁မှတ်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးသွားသည်။ စပိန် ရွက်လှေသမားများဖြစ်သည့် အိုင်ကာမာ တင်နက်ဇ်ဒီလီဇာဒူရီနှင့် ဖာနန်ဒက်ဇ်တို့က ၆၄မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ဂျာမနီ ရွက်လှေသမား ညီအစ်ကိုနှစ်ဦးဖြစ်သည့် ဂျန်ပီတာပက်ကော့တ်နှင့် ဟာမ်နက်စ်ပက်ကော့တ်တို့အတွဲက ကြေးတံဆိပ်ရရှိခဲ့သည်။

အမျိုးသား မီတာ၄၀၀အပြေး

အမျိုးသားမီတာ၄၀၀ အလွတ်တန်း အပြေးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ရာ ဗြိတိသျှအပြေးသမား အင်ဒရူးစတီးလ်က ၄၄ ဒသမ ၉၄စက္ကန့်ဖြင့် အကြိုဗိုလ်လုပွဲအဆင့် တက်ရောက်သွားသည်။ ထို့အတူ ဗြိတိသျှ အပြေးသမား ရှန်နေလည်း ၄၄ဒသမ၄၅ စက္ကန့်ဖြင့် အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။

တုတ်ထောက်ခုန်

အမျိုးသမီးတုတ်ထောက်ခုန်ပြိုင်ပွဲ၌ ရုရှားမှ ယီလီနာက ၅ ဒသမ ၀၅မီတာ အမြင့်ခုန်ပြီး ကမ္ဘာ့စံချိန်သစ်တင်ကာ ရွှေတံဆိပ်ဆွတ်ခူးသွားသည်။

အလျားခုန်

အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲ ကွာတား ဖိုင်နယ်ပွဲကို ဆက်လက်ကျင်းပရာ ဗြိတိသျှကစားသမား ဖိလစ်အိုင်ဒေါယူ၊ ပေါ်တူဂီမှ နီလ်ဆင်အီဗိုရာ၊ ကျူးဘားမှ အာရီဂီရတ်စသည့် ကစားသမားများ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။ ။

သုံးမျိုး အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ် ဆွတ်ခူးခဲ့သည့် သြစတြေးလျမှ အီမာစနိုးစီးလ် အောင်ပွဲခံဟန်။

အမျိုးသမီးနှစ်ယောက်တွဲ ရွက်လှေပြိုင်ပွဲ၌ ရွှေတံဆိပ် ဆွတ်ခူးသွားသည့် သြစတြေးလျအားကစားမယ်များ၏ ယှဉ်ပြိုင်ဟန်။

အိုလံပစ် အမျိုးသမီးဘောလုံး အကြိုဗိုလ်လုပွဲရလဒ်

ဂျာမနီ	၁ - ၄	ဘရာဇီး
ဂျပန်	၂ - ၄	အမေရိကန်

ပေကျင်းအိုလံပစ် ဆုရရှိမှုအနေအထား

ဩဂုတ် ၁၈ရက် မြန်မာစံတော်ချိန် (ည-၁၀နာရီအထိ)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၃၉	၁၄	၁၄	၆၇
၂	အမေရိကန်	၂၂	၂၄	၂၆	၇၂
၃	ဗြိတိန်	၁၂	၇	၈	၂၇
၄	သြစတြေးလျ	၁၁	၁၀	၁၂	၃၃
၅	ဂျာမနီ	၉	၇	၇	၂၃
၆	ရုရှား	၈	၁၃	၁၅	၃၆
၇	တောင်ကိုရီးယား	၈	၉	၆	၂၃
၈	ဂျပန်	၈	၅	၇	၂၀
၉	အီတလီ	၆	၆	၆	၁၈
၁၀	ယူကရိန်း	၅	၃	၈	၁၆
၁၁	ပြင်သစ်	၄	၁၁	၁၃	၂၈
၁၂	ရိုမေးနီးယား	၄	၁	၃	၈
၁၃	နယ်သာလန်	၃	၅	၄	၁၂
၁၄	စပိန်	၃	၃	၂	၈
၁၅	ပိုလန်	၃	၃	၁	၇
၁၆	ဆလိုဗက်ကီးယား	၃	၁	-	၄
၁၇	ကနေဒါ	၂	၃	၄	၉
၁၈	ကင်ညာ	၂	၃	၂	၇
၁၉	ချက်	၂	၃	-	၅
၂၀	ဂျမေကာ	၂	၂	-	၄
၂၁	မြောက်ကိုရီးယား	၂	၁	၃	၆
၂၂	ဒိန်းမတ်	၂	၁	၃	၆
၂၃	နယူးဇီလန်	၂	၁	၃	၆
၂၄	အီသီယိုးပီးယား	၂	၁	-	၃
၂၅	ဆွစ်ဇာလန်	၂	-	၃	၅
၂၆	ဂျော်ဂျီယာ	၂	-	၁	၃
၂၇	ကျူးဘား	၁	၅	၅	၁၁
၂၈	ဘီလာရုစ်	၁	၇	၃	၁၁
၂၉	ကာဇက်စတန်	၁	၃	၄	၈
၃၀	ဇင်ဘာဘွေ	၁	၃	-	၄
၃၁	အဇာဘိုင်ဂျန်	၁	၂	၂	၅
၃၂	နော်ဝေ	၁	၂	၂	၅
၃၃	အင်ဒိုနီးရှား	၁	၁	၃	၅
၃၄	ဆလိုဗေးနီးယား	၁	၁	၂	၄
၃၅	ဘူလ်ဂေးရီးယား	၁	၁	၁	၃
၃၆	ဖင်လန်	၁	၁	၁	၃
၃၇	မွန်ဂိုလီးယား	၁	၁	-	၂
၃၈	ဘရာဇီး	၁	-	၅	၆
၃၉	ကင်မရွန်း	၁	-	-	၁
၄၀	အိန္ဒိယ	၁	-	-	၁
၄၁	ပနားမား	၁	-	-	၁
၄၂	ထိုင်း	၁	-	-	၁

စပိန်တင်းနစ်သမား ရာဖေးလ်နာဒယ် ကမ္ဘာ့အဆင့်တစ်နေရာ ရောက်ရှိ

မက်ဒရစ် ဩဂုတ် ၁၈

စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်သည် ဆွစ်ဇာလန်တင်းနစ်ကြယ်ပွင့် ရော်ဂျာဖက်ဒဲယား၏ ရက်သတ္တ ၂၃၇ပတ်ကြာ ကမ္ဘာ့အဆင့်တစ်အဖြစ် ရပ်တည်နေမှုကို အဆုံးသတ်စေခဲ့ပြီဖြစ်သည်။

အသက်၂၂နှစ်ရှိ စပိန်နိုင်ငံသား ရာဖေးလ်နာဒယ်သည် ဩဂုတ်၁၇ရက်က ပေကျင်းအိုလံပစ်တွင် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ပြီး နောက်ဆုံး အေတီပီတိုး ဂေါက်သီးရိုက်ပြိုင်ပွဲ ရပ်တည်ချက်အရ စုစုပေါင်း အမှတ် ၇၇၀ရရှိကာ ကမ္ဘာ့အဆင့်တစ်နေရာသို့ ရောက်ရှိခဲ့ကြောင်း ဩဂုတ်၁၈ရက်တွင် သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့သည်။

ရပ်တည်နေ

အသက်၂၇နှစ်ရှိ ဖက်ဒဲယားသည် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ကတည်းက ကမ္ဘာ့အဆင့်တစ်နေရာတွင် ရပ်တည်နေခဲ့ပြီး နာဒယ်သည် ၂၀၀၅ခုနှစ် ဇူလိုင်လ ကတည်းက ကမ္ဘာ့အဆင့်နှစ်နေရာတွင် ရပ်တည်နေခဲ့သည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

စပါးတိုက်စစ်မှူးဘာဘာတော့ဗ် မန်ယူသို့ ပြောင်းရွှေ့လိုကြောင်း ဖွင့်ဟပြောကြား

လန်ဒန် ဩဂုတ် ၁၈

ဘူလ်ဂေးရီးယားနှင့်စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်သည် သူ၏အသင်းပြောင်းရွှေ့ရေးအိပ်မက်ကိုအကောင်အထည်ဖော်ခွင့်ပြုရန် စပါးအသင်းအားတိုက်တွန်းလျက် မန်ချက်စတာယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့လိုသော ၄င်း၏ဆန္ဒကိုပထမဆုံးအကြိမ်အဖြစ် ဖွင့်ဟပြောကြားခဲ့သည်။ သို့သော်လည်း သူသည် အသင်းမှပြေလည်စွာဖြင့် ကောင်းကောင်းမွန်မွန်ထွက်ခွာလိုကြောင်း အခိုင်အမာပြောကြားခဲ့သည်။

မျှော်လင့်

နှစ်ဖက်သောလုံးအသင်းများသည် ပြောင်းရွှေ့ကြေးကို ပေါင် ၂၅သန်းမှ ၂၈သန်းဝန်းကျင်အထိ စျေးဆစ်ညှိနှိုင်းနေကြခြင်းနှင့်အတူ ယခုသီတင်းပတ်အတွင်း အပြောင်းအရွှေ့ကိစ္စပြီးဆုံးလိမ့်မည်ဟု ဘာဘာတော့ဗ်က မျှော်လင့်နေသည်။ ထို့အပြင် လစာရရှိမှုအနေအထားလည်း ဆွေးနွေးညှိနှိုင်းနေပြီး ဘာဘာတော့ဗ် စွန့်စားခန်းအတွက် ယခုသီတင်းပတ်သည် အရေးကြီးဆုံးသီတင်းပတ်ဖြစ်ပြီး ကြိုတင်ပြင်ဆင်နေပြီဖြစ်ကြောင်း ဘာဘာတော့ဗ်၏အေးဂျင့် အီမီလ်ဒန်ချက်က ပြောကြားခဲ့သည်။

ဘာဘာတော့ဗ်သည် စပါး၏ ပရီမီယာလိဂ်ရာသီအစပွဲစဉ်အဖြစ် ဩဂုတ် ၁၇ ရက်က မစ်ဒယ်ဘရော့အား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သောပွဲစဉ်တွင် ပွဲထွက်မကစားရဘဲ အရန်ခုံ၌ ထိုင်ခဲ့ရသည်။ သို့သော်လည်း စပါးနည်းပြ ဂျူအန်ဒီရာမို့စ်၏ ဆုံးဖြတ်ချက်ကို မိမိအနေဖြင့် နားလည်ပါကြောင်း ဘာဘာတော့ဗ်က ပြောကြားခဲ့သည်ဟု သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

မန်ယူမှ မိုက်ကယ်ကာရစ် ဒဏ်ရာကြောင့် အနားယူရဖွယ်

လန်ဒန် ဩဂုတ် ၁၈

မန်ယူကွင်းလယ်ကစားသမားမိုက်ကယ်ကာရစ်(ဝဲပုံ)သည် ဩဂုတ်၁၇ရက်က နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားသော ပရီမီယာလိဂ်ပွဲစဉ်တွင်ရရှိခဲ့သော ခြေချင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တသုံးပတ် အနားယူရဖွယ်ရှိသည်။

ပြောကြား

မိုက်ကယ်ကာရစ်သည် ခြေချင်းဝတ်ဒဏ်ရာကို ဆိုးရွားစွာခံစားနေရကြောင်း၊ ဒဏ်ရာကြောင့် ခြေထောက်မှာ အတော်ကလေး ရောင်ကိုင်းနေကြောင်း၊ ရက်သတ္တနှစ်ပတ် သို့မဟုတ် သုံးပတ်အထိ အနားယူရဖွယ်ရှိကြောင်း မန်ယူနည်းပြဖာဂူဆန်က ပြောကြားခဲ့သည်။

အသက်၂၇နှစ်ရှိ မိုက်ကယ်ကာရစ်သည် ဩဂုတ်၂၀ရက်၌ အင်္ဂလန်လက်ရွေးစင်အသင်း နှင့် ချက်လက်ရွေးစင် အသင်းတို့၏ ချစ်ကြည်ရေးပွဲစဉ်နှင့် လွဲချော်မည်ဖြစ်သည်။ **(အင်တာနက်)**

အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့ (၃) ရပ်ကွက်နေ မောင်မင်းဇော် ၇/တငန (နိုင်) ၀၀၁၁၇၀သည် မိဘ၏ ဆိုးဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိ၏ သဘောဆန္ဒအလျောက်နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သမျှ တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။) **မိခင်-ဒေါ်အမာရီ ၇/တငန(နိုင်)၀၁၅၉၁၇။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပ/၃၆၅၄ Toyota Publica၊ P/U လက်ဝယ်ရှိသူ အမည် ဦးဝါသ၀ ၇/လပတ(သ)၀၀၀၃၃၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံးသွားပါ၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)၊ ရန်ကုန်မြို့။

အမည်ပြောင်း

အဖ ဦးသန်းငွေ၏ သမီး မရင်မေဝင်း Primary - 5 (H) ILBC အား ယနေ့မှစ၍ မလင်းလက်ဟေသီ ဟု ပြောင်းလဲခေါ်ပါရန်။

မလင်းလက်ဟေသီ။

အမည်ပြောင်း

အဖ ဦးဝင်းနိုင်၏ သမီး ကံမမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(က)မှ မအိမွန်ဖွေး ၈/ကမန(နိုင်)၀၆၆၀၈၆အား မအေးမွန်ခိုင်ဟုပြောင်းလဲခေါ်ပါရန်။

မအေးမွန်ခိုင်။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄ (ကံဘဲ့)၊ မြေကွက်အမှတ် ၁၅/၇ -B ၊ဧရိယာ ၀ ဒသမ ၁၅၀ ဧကရှိသော မြေပိုင်မြေကွက်အနက်မှ မခွဲမစိတ်ရသေးသော အဆိုပါမြေကွက်ကြီး၏ မြောက်ဘက်ခြမ်း၊ အကျယ်အဝန်း ၅၅ပေ ၆လက်မ X ၄၂ပေရှိသော မြေကွက်နှင့် ယင်းမြေကွက်နှင့် ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးကျော်ညွန့် ၁၂/ရကန(နိုင်)၀၄၆၆၁၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုလိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၈၆/၈၈၊ အခန်း (၂၀)၊ ဗဟိုလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။



မသက်ဆိုင်တော့ပါကြောင်း

ကျွန်တော်၏ဇနီး မသီတာ ၁၄/ဒဒရ(နိုင်) ၁၃၅၁၁၄သည် ၂၅-၅-၂၀၀၈ရက်တွင် နေအိမ်မှဆင်းသွားပါ၍ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်ဇော် ၁၂/ဥကတ(နိုင်)၁၃၂၅၁၆။

မိဘအမည်မှန်

မော်လမြိုင်မြို့ အထက(၉) ဆဋ္ဌမတန်း(D)မှ မောင်မိုးသက်အောင်၏ မိဘအမည်မှန်မှာဦးခင်မောင်ဇော် ၁၀/ကထန (နိုင်) ၀၈၄၅၅၁ နှင့် ဒေါ်စိန်စိန်ငွေး ၁၀/ကထန (နိုင်) ၀၀၀၆၆၉ ဖြစ်ပါသည်။

MYANMAR IVANHOE COPPER COMPANY LIMITED (TENDER NOTICE)

TENDER IFB NO. SHLLSL-(03)-08 (Supply of 200 metric tonnes of Diluent, either SHELLSOL 2046 (or) EQUIVALENT).

CLOSING DATE & TIME: 2nd September 2008 at 12:00 noon

Tender documents are available at the following address and queries can be made between 10 am and 4pm at MICCL Yangon office before the tender closing date.
Myanmar Ivanhoe Copper Company Limited
70 (I) Bo Chein Street, Pyay Road, Hlaing Township
Yangon, Myanmar (Tel: (95) 1-514194 to 7/ Fax: (95) 1 514208/ Email: micol@micol.com.mm)

မြေယာရှုခင်းအလှ မြန်အောင်၌ ဆောင်ရွက်

မြန်အောင် ဩဂုတ် ၁၈

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြန်အောင်မြို့အဝင်ဆိုင်းဘုတ်အနီး မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုနှင့် မြို့ဝင်ကပ်တုံး ဆောင်ရွက်နေမှုကို ဇူလိုင် ၂၂ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းက ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ရွှေမြန်မာမဟာစည် ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် ရွှေမြန်မာ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၌ ၁၃၇၀ပြည့်နှစ် ဝါခေါင်လကွယ်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ (ဩဂုတ် ၃၀ရက်မှ အောက်တိုဘာ၁၄ရက်အထိ) တရားအားထုတ်လိုသူများအား ကမာရွတ်လှည်းတန်းနေ ဦးခင်မောင်မြင့်-ဒေါ်အမာသိင်္ဂီကျော် (မန်ကျည်းဖလိပ်) မိသားစုနှင့် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဦးအောင်ကိုကို-ဒေါ်မြင့်မြင့်ဝင်း (အေးကမ္ဘာမိသားစု)တို့က အာဟာရဒါန ဆက်ကပ်လှူဒါန်းကြပြီး ရွှေမြန်မာဆရာတော် ဘဒ္ဒန္တဝိဇ္ဇာသိဒ္ဓိ ကိုယ်တိုင်ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာ့သာသနာပြု မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝိပဿနာအလုပ်ပေးတရား ဟောကြားမည်ဖြစ်ရာ ကြွရောက်အားထုတ်ကြရန်နှင့် သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရာတွင် တစ်ခန်းလျှင် ကျပ်ငါးသိန်းဖြင့်လည်းကောင်း၊ တိုင်တစ်လုံးလျှင် ကျပ်သုံးသိန်းဖြင့်လည်းကောင်း စေတနာရှင်များ လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ရွှတ်ဖတ်ပူဇော်

နေပြည်တော်ပျဉ်းမနားရှာကောက်မြို့သစ် ရပ်ကွက်ရှိ ငြိမ်းချမ်းရေးစေတီရင်ပြင်၌ ဇူလိုင် ၁၆ရက်က ဝါတွင်းကာလ အဖိတ်နေ့တိုင်း ဓမ္မဒေသနာ စွမ်းရည်ရွှတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲတွင် ဝက်ကုန်းကျေးရွာသိဒ္ဓိ သစ္စာ ဓမ္မစကြာအသင်းသူများ ရွှတ်ဖတ်ပူဇော်ပြိုင်ပွဲဝင်စဉ်။

(သတင်းစဉ်)

ဩဂုတ် ၁၈ရက်က အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ စက်ရုံအလုပ်ရုံ ကြီးကြပ်မှုသင်တန်းဖွင့်ပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း) သစ်အခြေခံစက်မှုသင်တန်းဌာနတွင် ကျင်းပရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သစ်လုပ်ငန်းရှင်များအသင်း)

မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်းဟောပြော

ရန်ကုန် ဩဂုတ် ၁၈

မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်းနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့် ဆိုးကျိုးများနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်းများအကြောင်း ဟောပြောပွဲကို ယနေ့နံနက် ၉နာရီက အထက(၃) မရမ်းကုန်း၌ ကျင်းပသည်။

ဟောပြော

ဟောပြောပွဲတွင် ပညာ့တန်ဆောင် စာတည်း စာရေးဆရာ မောင်ကျေးဇူး၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှ တပ်ခွဲမှူး တင်မြင့်နှင့် ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း ဒုတိယဥက္ကဋ္ဌ ဦးပြည်အေးတို့က မူးယစ်ဆေးဝါး အန္တရာယ်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောသည်။

ရှင်းလင်း

ဆက်လက်၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း လက်အောက်ခံ လူငယ်အားမာန်အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက ကိုယ်တွေ့ကြုံခဲ့ရသည့် ဆေးဝါးဒုက္ခများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ချီးမြှင့်

ထို့နောက် **'မူးယစ်ဆေးဝါးအန္တရာယ်တို့ကာကွယ်'** ခေါင်းစဉ်ဖြင့် ဆုရရှိကြသည့် ကျောင်းသားများအား တာဝန်ရှိသူများက ဆုချီးမြှင့် ပေးအပ်ကြောင်း သိရသည်။

(လူမှုဝန်ထမ်း)

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂၉)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ် ပြည်မြန်မာသတင်းဂျာနယ်တွင် ရန်ကုန်မှ ဆန်များ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ တင်ပို့ခွင့်ရပြီ၊ ရှေ့လ ၂ရက်တွင် ဂြိုဟ်လေးလုံးပူးမည်၊ မင်းသားမိုးမင်း၏ ကျပ်သိန်း ၁၂၀ခန့်တန်ဖိုးရှိ လက်ဝတ်ရတနာများကို လူယုံက ယူဆောင်ထွက်ပြေး၊ စက်ကိရိယာသစ်များဖြင့် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးနိုင်မည်၊ ကျိုက်ပိုင်းစေတီတော်ကြီးတွင် မိဂဒါဝုန်ဥယျာဉ်တော်ကြီး တည်ဆောက်မည်၊ မြေပြိုနိုင်သောနေရာများကို ဖော်ထုတ်၍ မြေပုံရေးဆွဲပြီး အသိပေးသွားမည်၊ ဆော်ဒီအာရေဗျဘုရင့်နိုင်ငံမှ လေဘေးအတွက် လင်ခရူဇာကားများလှူဒါန်း၊ မော်လမြိုင်တွင် လေဆင်နှာမောင်းတိုက်၍ အပျက်အစီးအနည်းငယ်ရှိ၊ သားစိုး၏ နတ်ကနားပါတီ သင်္ကြန်မတိုင်ခင် ကျင်းပမည်၊ Brand Ambassador ဖြစ်သွားတဲ့ စိုင်းစိုင်းခမ်းလှိုင်၊ ဂျပန်နိုင်ငံက ဒါရိုက်တာနှင့် နန်းဆုရတီစိုး ဗွီစီဒီရိုက်ကူး၊ လေးဖြူ ပါဝင်သီဆိုမည့် IC Show ပွဲလက်မှတ်ကို စီဒီပြားပေါ်တွင် ထူးထူးခြားခြားရိုက်နှိပ်ရောင်းချ၊ HIV Positive ဖြစ်သူ Negative ဖြစ်သွားရခြင်းအကြောင်းရင်း၊ တကယ့်နှင်းလူ(ခေါ်) Big Foot ကို တွေ့ရှိကြောင်း သတင်းစာရှင်းလင်း၊ ရုရှား-ဂျော်ဂျီယာပဋိပက္ခ နောက်ဆုံးသတင်း၊ ပေကျင်းအိုလံပစ်တွင် တစ်ကမ္ဘာလုံးနှစ်ခြိုက်ခဲ့သော တရုတ်ရိုးရာ သီချင်းဆိုသူကလေးငယ်မှာ အသံရှင် အစစ်မဟုတ်ဟုဆို၊ အမျိုးသမီး ပင့်ကူလူသားပေါ်လာပြန်၊ ကိုယ်ပျောက်ဝတ်ရုံတီထွင်မှု၏ ပထမအဆင့်အောင်မြင်ပြီ၊ အီရန်က ပြည်တွင်းဖြစ် ဂြိုဟ်တုကို ပထမဆုံးအကြိမ်လွှတ်တင်၊ သွေးစုပ်လင်းနို့ ကိုက်ခံရသောကြောင့် လူ ၃၈ဦး သေဆုံး စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိသည်။

(သတင်းစဉ်)

ဆုဖလားချီးမြှင့်

ဩဂုတ် ၁၆ရက်က နေပြည်တော်တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုပေးပွဲတွင် ပထမရရှိသော မြဝတီရပ်ကွက်ဘောလုံးအသင်းအား ဥက္ကဋ္ဌ ဦးနေအောင် ဆုဖလားချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၈

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၉)တွင် လာမည့်နှစ်နှစ်အတွင်း ကမ္ဘာကြီးပူနွေးမှု ၅ ဒီဂရီတိုးမြင့်လာနိုင်သည့်အတွက် အချို့နေရာများတွင် မုန်တိုင်းကြီးများ လာနိုင်ဦးမည်၊ မာန်အောင်ကျွန်း နဂါးပြင် ရွှံ့မီးတောင်ပေါက်ကွဲမှုဖြစ်ပွား၊ ကာတာသို့ အလုပ်သွားလုပ်လျှင် မျှော်လင့်သည့်အတိုင်း မဖြစ်နိုင်၊ တောင်ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံမှ ရောဘဲအရှင်များကို ဝယ်ယူတင်သွင်းမည်၊ အဝတ်အစားသာမက ယဉ်ကျေးမှုနှင့် မကိုက်ညီသော အနေအထားဖြစ်ပါက Bill Board ကြော်ငြာများကို မြို့တော်စည်ပင်မှ ပြန်လည်စိစစ်သွားမည်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများတွင် ဈေးငွေသိန်းသုံးထောင် ထပ်မံထုတ်ချေးမည်၊ ရန်ကုန်မြို့ရှိ လူဦးရေအတွက် တစ်နေ့ စားနပ်ရိက္ခာ ဆန်အိတ်လေးသောင်းကျော် နေ့စဉ်ဝင်ရောက်၊ ပျဉ်ညောင်ဘိလပ်မြေစက်ရုံတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့တွင်းရှိ ကတ္တရာလမ်းများကို ကွန်ကရစ်လမ်းများအဖြစ်ပြောင်းမည်၊ မန္တလေးတိုင်း သာစည်မြို့နယ်၌ ရှေးဟောင်းကြေးခေတ်လက်ရာများတူးဖော်တွေ့ရှိ၊ ကူဝိတ်က မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စား၊ သဘာဝဘေးကြောင့် လူသေဆုံးမှုတွင် မုန်တိုင်းဒီရေကပထမ မြေငလျင်က ဒုတိယ၊ အလုံသင်္ဘောကျင်းမှ ဆီဂါလန် ၁၈၀၀၀၀ဆံ့ ဆီတင်တွဲတည်ဆောက်ပြီးစီး၊ ပဲခူးမြို့ ရေကြီးမှု ပြန်လည်ကျဆင်းသွားပြီ၊ မိုးသည်းထန်၍ မြေပြိုခြင်းကြောင့် ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေး ခေတ္တရပ်နား၊ ကဏန်းပျော့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀၀ရရှိ၊ ပါမောက္ခဒေါက်တာမြသိန်းဟန်၏ အရိုးကင်ဆာအကြောင်း သိကောင်းစရာ၊ ရုရှား-ဂျော်ဂျီယာစစ်ပွဲကြောင့် ဥရောပသမဂ္ဂနှင့် အမေရိကန်တို့ စိတ်ဝမ်းကွဲပြားမှုပြန်ဖြစ်နိုင်၊ ဂျော်ဂျီယာစစ်ပွဲ၏ နောက်ကွယ်၌ အမေရိကန်ရှိကြောင်း စီအိုင်အေအရာရှိဟောင်းပြောကြားစသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် တင်ပြထားသည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

(သတင်းစဉ်)

မကြာမီ ပေါ်ထွန်းလာတော့မည့် အရေးပါသော စဉ့်အင်တံတားသစ်ကြီး

သီပေါ ဩဂုတ် ၁၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၏ စီစဉ်မှုဖြင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် တံတားဆောက်လုပ်ရေးစီမံကိန်း၊ (မန္တလေး-လားရှိုး)မှ သီပေါမြို့နယ် နမ့်အွန်ကျေးရွာနှင့် လားရှိုးမြို့နယ် စဉ့်အင်ကျေးရွာကြားရှိ နမ္မချောင်းပေါ် ကျော်ဖြတ်၍ စဉ့်အင်ကားလမ်း တံတားသစ်ကြီးကို ဆောက်လုပ်လျက်ရှိသည်။ အဆိုပါ စဉ့်အင်တံတားသစ်ကြီးမှာ သံမဏိသံပေါင်အမျိုးအစား အလျား ၂၉၇ပေ၊ ကားလမ်းအကျယ်အရှည် ၂၈ပေ၊ နှစ်လမ်းမောင်းဖြစ်ပြီး ဘေးဘယ်ညာနှစ်ဖက်တွင် လူသွားလမ်းပါရှိမည်ဖြစ်သည်။ တံတား၏ ခံနိုင်ဝန်အားမှာ တန် ၆၀ဖြစ်သည်။

အခက်အခဲ

လက်ရှိအသုံးပြုနေသော ဘေလီတံတားဟောင်းမှာ သုံးလွှာနှစ်ထပ်ပိုး အနံ ၁၂ပေ၊ အလျားပေ ၁၉၀ရှိပြီး ခံနိုင်ဝန်အား တန်၃၀နှင့် တစ်လမ်းမောင်းသာ ဖြစ်သည်။ ၎င်းဘေလီတံတားဟောင်းသည် နေ့စဉ်အစုန်အဆန် ယာဉ်အသွားအလာ များပြားလာမှုကြောင့် ခံနိုင်ရည်အား ကျဆင်းလာခြင်း၊ ယခင်တံတားကျိုးကျမှု ကြုံတွေ့ခဲ့ရဖူးခြင်းနှင့် မကြာခဏပြင်ဆင်ခဲ့ရခြင်း၊ တစ်လမ်းမောင်းဖြစ်၍ မော်တော်ယာဉ်များစောင့်ဆိုင်းဖြတ်သန်းရခြင်း၊ တန် ၃၀ထက်ပိုသော ကုန်ပစ္စည်းများကို ကဲ့ပြောင်းသယ်ဆောင်ပြီး မောင်းနှင်ဖြတ်သန်းခဲ့ရခြင်း စသည့်အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

ကျော်လွှားနိုင်

ယခုအခါ ယင်းအခက်အခဲများကို ကျော်လွှားနိုင်ပြီး နယ်စပ်ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်သွက်လက်လာစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုပါ အကျိုးဖြစ်ထွန်းစေရေးအတွက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏စီစဉ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဝေနှင့်အဖွဲ့က တည်ဆောက်လုပ်ကိုင်နေခြင်းဖြစ်သည်။

မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်မှ အရေးပါသော စဉ့်အင်တံတားသစ်တည်ဆောက်မှုလုပ်ငန်းကို ၂၀၀၈ခုနှစ် ဩဂုတ် ၁ရက်ကစတင်ပြီး စက်တင်ဘာ လလယ်ပိုင်းခန့်တွင် ပြီးစီးနိုင်ရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော်နေပြီဖြစ်ကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။

သတင်းမှတ်စု-သီပေါကိုလတ်

အောင်ဆန်း တပ်ဦးဆရာတော် ပြည်ပသာသနာပြုခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၈

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ(၇၇)၏ ပဓာနနာယက မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်ကြီး၏ နာယက ပြည်တွင်းပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်သည် ဇွန် ၁၄ရက်မှ ၁၆ရက်အထိ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၊ ဘရစ္စဘိန်း၊ ပါ့(သ်)မြို့များမှ ဒါယကာ ဒါယိကာမများ၏ ပင့်ဖိတ်ချက်အရ မိုးကုတ်ဝိပဿနာ ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်း တရားစခန်း ဖွင့်လှစ်ဟောကြားခဲ့ပြီးနောက် ဇူလိုင်၁၇ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ကြွရောက်တော်မူလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တပည့်ဒါယကာ ဒါယိကာမများက ဖူးမြော်ကြိုဆိုကြသည်။ (အပေါ်ပုံ)

ဆရာတော်သည် ဇူလိုင် ၁၉ရက်မှ ၂၉ရက်အထိ အောင်ဆန်းမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၇၇)တွင် (၁၁၆)ကြိမ်မြောက် ၁၀ရက် တရားစခန်းဖွင့်လှစ် ဟောကြားရာ ယောဂီ၈၇ဦးကျော် တရားစခန်းဝင်ရောက် အားထုတ်ကြကြောင်း သိရသည်။ (ဂေါပကအဖွဲ့)

ဝါးခယ်မမြို့၌ ပန်းအလှပင်များ စုပေါင်းပျိုးထောင်

ဝါးခယ်မ ဩဂုတ် ၁၄

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ဝန်ထမ်းများ စုပေါင်း၍ ပန်းအလှပင်များ ပျိုးထောင်ခြင်းနှင့် ပျိုးအိတ်များ မြေဆွေးထည့်ခြင်းကို ဩဂုတ်၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့ ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရေဦးမြို့၌ မြေယာရှုခင်း အလှပြုပြင်

ရေဦး ဩဂုတ် ၁၂

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းစံပြလမ်းများ ဖော်ထုတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ရက်က သက်ဆိုင်ရာလမ်းအလိုက် စံပြလမ်းအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ထားရှိမှုနှင့်သီးခြားတာဝန်ပေးအပ်ထားသော အဖွဲ့ဝန်ထမ်းများဖြင့် လမ်းအလိုက် မြေယာရှုခင်းအလှ ပြုပြင်ဆောင်ရွက်မှုနှင့် လမ်းကပ်တုံးများဆောင်ရွက်မှုတို့ကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမောင်ဆွေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

စည်းလုံးခြင်းသည် ခွန်အား ရုပ်တုပြုလုပ်မှု စစ်ဆေး

ပိုင်းမော် ဩဂုတ် ၁၁

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးသည် ပိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင်လမ်းဆုံတွင် ဆောင်ရွက်လျက်ရှိသော စည်းလုံးခြင်းသည်ခွန်အား ရုပ်တုပြုလုပ်ခြင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေလွင်စိုးက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မိုးမောက်၌ ဘုန်းတော်ကြီးသင်ကျောင်း ပညာရည်ချွန်ဆုချီးမြှင့်

မိုးမောက် ဩဂုတ် ၁၄

ကချင်ပြည်နယ် မိုးမောက်မြို့နယ် နိသောကာရာမကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း ၇ရက် မွန်းလွဲ၁နာရီက နိသောကာရာမကျောင်းတိုက်၌ ကျင်းပရာ ပဓာနနာယက ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒသာရထံမှ တက်ရောက်လာသူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

မြွက်ကြား

ထို့နောက် ဆရာတော်က ကျောင်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ၁၉၉၆-၁၉၉၇ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ၁၂နှစ်တိုင်ကာလသို့ ရောက်ရှိပြီးဖြစ်ကြောင်း ရှင်းလင်းမြွက်ကြားကာ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသားကျောင်းသူ ၁၈ဦးအား ပညာရည်ချွန်ဆုများ ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဝန်ထမ်းများ ဩဂုတ် ၁ရက်က မြို့တွင်းကျန်စစ်သား လမ်းဘေးရေမြောင်း ရေစီးရေလာ ကောင်းမွန်ရေး အတွက် ဆောင်ရွက်နေမှုကို အမှုဆောင် အရာရှိ ဦးအုန်းမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကြည်စိုးတို့ကြီးကြပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် ဝန်ထမ်းများ ဩဂုတ် ၅ရက်က ပေါက်တောမြို့အနီး မြို့ဦးတောင်ကို ခုတ်ထွင်ရှင်းလင်းပြီး ခံ့စည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ဖလမ်း၌ စာကြည့်တိုက်နှစ်ပတ်လည်နေ့ ပုံပြင်ပြောနှင့် ကဗျာရွတ်ပြိုင်

ဖလမ်း ဩဂုတ် ၁၀

ဖလမ်းမြို့နယ် ကြောင်ဟဲင်းကျေးရွာ ကွန်္ဂကိပ်စာကြည့်တိုက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲကို ဩဂုတ် ၃ရက် မွန်းလွဲ၁နာရီက အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဖလမ်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမန်းစိန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇကြောင်တို့က စာကြည့်တိုက် ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲများကို ကျင်းပရာ ဆုရသူများအား ခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်၊ မြို့နယ်ဦးစီးမှူး ဒေါ်လိုင်နယ်ကိမ်းနှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဝင်တို့က ဆုများချီးမြှင့်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မြို့အဝင် ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာ တစ်လျှောက် မြေခင်းအလှ ဆောင်ရွက်ထားရှိမှုနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ဇူလိုင်၁၀ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးညွန့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပျော်ဘွယ်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်

ပျော်ဘွယ် ဩဂုတ် ၁၄

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်အတွင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ သင်ကြားပေးသည့် ဆရာ ဆရာမများနှင့် အောင်ချက်မြင့်မားသည့် ကျောင်းများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ရက် နံနက် ၁၀နာရီက ပျော်ဘွယ်မြို့ အမေထိန်းခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ငါးဘာသာဂုဏ်ထူးရှင်မောင်ဟိန်းဇော်အောင်အား(ဝဲပုံ) ရွှေငါးမူးသား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းကို လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင်လေးဦးအား ဂုဏ်ပြုဆုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးဦးခိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေးတို့က လည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် အလှူရှင် တို့က ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၃၁ဦးနှင့် သင်ကြားပေးသည့် ဆရာ ဆရာမများနှင့် အောင်ချက်မြင့်မားသည့် ကျောင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ စာတော်ပြန်ပွဲ ထာဝရဆွမ်းပဒေသာပင်အတွက် အမှတ် ၆က/၁ ခတ္တာလမ်း ရွှေမာလာရိပ်မွန်နေ ဦးမြင့်ဝင်း၊ ဒေါ်ခင်မာ လွင် မိသားစုက အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး ဆူးလေစေတီတော်ရင်ပြင် ပန်းဘဲ တန်းမြို့နယ်ရှိ အသင်းဥက္ကဋ္ဌ ဦးညွန့်စိန်(မဟာသဒ္ဓမ္မဇောတိကဓဇ)ထံ အလှူငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

သန်လျင်၌ စာကြည့်တိုက်ရှင်သန်ရေး စာအုပ်နှင့်ငွေများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း၌ ဖွင့်လှစ်ပြီး ကျေးလက်စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် အခြေခံစာကြည့်တိုက်ပညာသင်တန်း၊ စာအုပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၂ရက်က သန်လျင်ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်နှင့် သန်လျင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးရဝေထွန်းတို့က အမှာစကားပြောကြားပြီး သန်လျင်မြို့နယ် ဦးစီးမှူးဦးစံသိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သန်လျင်မြို့ သုရလမ်းနေ ဦးစန်းလွင်-ဒေါ်ခင်သီတာ (တွဲဖက်အတွင်းရေးမှူး၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့) မိသားစုက အလှူငွေကျပ် ၅၀၀၀၀(**ယာပုံ**)၊ စာရေးဆရာ မောင်ညိုမှိုင်း(သန်လျင်)က သုတ၊ ရသစာအုပ်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူးက ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို မြို့နယ်အတွင်းရေးမှူး ဦးရဝေထွန်းမှတစ်ဆင့် ပေးအပ်လှူဒါန်းသည်။ (**ခရိုင် ပြန်/ဆက်**)

ပခုက္ကူမြို့၌ အာဟာရကျွေးမွေး

ပခုက္ကူ ဩဂုတ် ၁၆

ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း သီတာခန်းမ၌ ဩဂုတ် ၁၄ရက်က ကျောင်းသား ကျောင်းသူ ၉၆၄ဦးတို့အား ဦးမျိုးလွင်-ဒေါ်မေသင်းနိုင်၊ သား မောင်ရဲမြတ်လွင် (လွင်လွင်ဦး)ဆန်ရောင်းဝယ်ရေး မိသားစုက အာဟာရ ကြက်သားဆန်ပြုတ် တိုက်ကျွေးကြောင်း သိရသည်။ (၀၇၀)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အောင်မြေသာစံ အထက(၁)၌ ကျင်းပ

မန္တလေး ဩဂုတ် ၁၀

မန္တလေး အောင်မြေသာစံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် ဇူလိုင် ၁၃ ရက်က ကျောင်းစုဝေးသဘင်၌ ကျင်းပရာ အမှတ်(၂)အခြေခံပညာဦးစီးဌာန ဦးစီးအရာရှိ (သင်ကြား) ဒေါ်တင်ဝေဝေညွန့် တက်ရောက် အားပေးကြည့်ရှုသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်က ဆရာ ဆရာမများ၊ ကျောင်းသားများအား ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အကြောင်း ရှင်းပြသည်။

ထို့နောက် ဆရာဦးစိုးဝင်းက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်၊ အသင်းလိုက်၊ အုပ်စုလိုက် တက်ရောက်သော အင်အား၊ စုဆောင်းလာသော အပင်အမျိုးအစား အရေအတွက်နှင့် အမှတ်ပေးစနစ်တို့ကို တင်ပြသည်။ ဆက်လက်၍ အသင်းလိုက် ပထမဆုရ ဗန္ဓုလအသင်း၊ အတန်းလိုက် အုပ်စုပထမဆုရ (ပဉ္စမတန်းအုပ်စု)တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်တင်ဝေဝေညွန့်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားများက ကျောင်းဝင်းအတွင်း၊ အပြင်မြေကွက်လပ်များတွင် သစ်ပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးကြကြောင်း သိရသည်။ (၀၉၀)

မြဝတီမြို့ အမှတ်(၃)ရပ်ကွက် လေးလက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် ရေစက်ရုံ ဆောက်လုပ်ပြီးစီးမှုကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ဇူလိုင် ၁၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင်ဈေးတွင် ဈေးဆိုင်များ ကျန်းမာရေးညီညွတ်ရေးဆောင်ရွက်

ရေစကြို ဩဂုတ် ၁၂

မကွေးတိုင်း ရေစကြိုမြို့ မြို့မဈေးကြီး(၁)နှင့် မြို့မဈေးကြီး(၂)အတွင်းရှိ ဈေးရောင်းချသူများ၏ ကုန်အမျိုးအမည်အလိုက် ဈေးဆိုင်ခန်းများသို့ မြို့မဈေးကြီးတာဝန်ခံ ဦးတင်ဝင်းနှင့် ဈေးဝန်ထမ်းများသည် ဇူလိုင် ၁၁ရက်က တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် စားသောက်သီးနှံများမှည့်ချိန်ဖြစ်သည့်အတွက် အမှည့်လွန်သော အသီးများ မရောင်းချရန်၊ စားသောက်ဆိုင်များ၊ အသား၊ ငါးရောင်းချသောဈေးဆိုင်များသို့ ကူးစက်စေတတ်သည့် ခြင်၊ ယင်အန္တရာယ်အတွက် အအုပ်အဆိုင်းများဖြင့်ရောင်းချကြရန်၊ ဆန်၊ ကုန်ခြောက်နှင့် အခြားပစ္စည်းများ ရောင်းချသော ဈေးဆိုင်များသို့ ကြွက်အန္တရာယ်ကင်းရှင်းရေး၊ အမှိုက်သရိုက်မရှိရေး နှိုးဆော်ခြင်းများဆောင်ရွက်ကြကြောင်း သိရသည်။ (၀၆၉)

ကျေးလက်ရေပေးရေး လုပ်ငန်းဆောင်ရွက်

ဖလမ်း ဩဂုတ် ၁၃

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြနှင့် ကျေးလက်ရေပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာဦးလလ်ဟုပ်တန်း ဆောင်ရွက်လျက်ရှိသော ဖလမ်းမြို့နယ် လုပ်ဘန်းကျေးရွာ ရေပေးရေးအတွက် ရေဂါလန် ၁၅၀၀ဆံ့ အုတ်ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက် ပြီးစီးမှုကို ဩဂုတ် ၁၀ရက်က အမှုဆောင်အရာရှိ ဦးထလာဟုရဲ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (**ခရိုင် ပြန်/ဆက်**)

သရက်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်

သရက် ဩဂုတ် ၁၅

သရက်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့က ကြီးမှူး၍ ထုံးတောင်ကျေးရွာအုပ်စု (သာသနာ့နယ်မြေ) တောင်တောရ ဓမ္မစကြာ စူဠာမဏိ (ကုန်းတော်)ကမ္မဋ္ဌာန်းကျောင်း ဆရာတော် ဘဒ္ဒန္တတေဇဝန္တအား ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက ကုန်းတော်ဓမ္မစကြာဘုရား ဓမ္မဗိမာန်တော်အတွင်း၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးအေးဝေ (အေးဝေ-သရက်)၊ ဦးဝင်းသန်း(ကိုဖိုးမြတ်)၊ အတွင်းရေးမှူး ဦးခင်မောင်စိုး (ရွှေခင်မောင်စိုးနီ)နှင့် ယောဂီဓမ္မမိတ်ဆွေများက ဆရာတော်ထံသို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှဝေကြသည်။ (၀၇၄)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖျာပုံမြို့ အဝေးပြေးကားဝင်းအတွင်း ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဩဂုတ် ၂ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ပေးစဉ်။ (၁၃၇)

မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲများသို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမကထပြု၍ မတည်ငွေထည့်ဝင်ပြီး လေဘေးသင့်သဖြင့် ပျက်စီးသွားသော မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲပေါင်း ၁၅ခုသို့ ပါဝင်လှူဒါန်းကြသော အဖွဲ့ချုပ် နာယကဆရာတော်ကြီးများ၊ ဓမ္မကထိကများ၊ လေဘေးဒဏ်လွတ်သည့် မြန်မာပြည်အရပ်ရပ်မှ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲများ၊ မိုးကုတ်ယောဂီများနှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းကြသော အလှူငွေတန်ဖိုးမှာငွေကျပ် ၁၈၈၅၀၀၀၀ ကို ဩဂုတ် ၂ရက်က အဖွဲ့ချုပ်ကြီးတွင် ကျင်းပသော ခွဲဝေလှူဒါန်းပွဲသို့ ကြွရောက်ကြသည့် အဖွဲ့ခွဲအသီးသီးမှ ကိုယ်စားလှယ်များ၊ မှတ်တမ်းတင်ပေးခဲ့သော မြဝတီရုပ်သံ၊ လဝန်းသစ်ဗီဒီယို၊ သတင်းမီဒီယာများ၊ အလှူခံအဖွဲ့ ကိုယ်စားလှယ်များနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အဖွဲ့ချုပ် အမှုဆောင်များက အထူး ကျေးဇူးတင်ရှိပါကြောင်းနှင့် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် ကြေညာထားကြောင်း သိရသည်။

(**မြန်မာ့အလင်း**)

မကွေးမြို့နယ် ကွမ်းအုံ(တောင်)ကျေးရွာနှင့် ကွမ်းအုံ(မြောက်)ကျေးရွာ ချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာဦးမြတ်သူ ဆောင်ရွက်ရာသို့ အမှုဆောင် အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကြီးကြပ် ပေးစဉ်။ (မြို့နယ်စည်ပင်)

တောင်ငူမြို့ ရွှေဆံတော်စေတီဂေါပကရုံး ပြန်လည်ဆောက်လုပ်ရန် ငွေလှူဒါန်း

တောင်ငူ ဩဂုတ် ၈

တောင်ငူမြို့၏ ကျက်သရေဆောင် သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး တောင်ဘက်မုခ်ရှိ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ရွှေနှင်းဆီ ဒေါ်အုန်းခင် ဆောက်လုပ်လှူဒါန်းထားသည့် ဂန္ဓကုဋီအာရုံခံတန်ဆောင်းအတွင်း၌ ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက အလှူငွေပေးအပ်ပွဲ ကျင်းပရာ ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး အဆောက်အအုံအသစ်တစ်ဖန် ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် ဂေါပကရုံးဟောင်း၏ မူလအလှူရှင်ဖြစ်သည့် သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီ ရွှေနှင်းဆီဒေါ်အုန်းခင် ကိုယ်စား ဦးတင်ထွန်းနှင့်ဦးညွန့်လှိုင်တို့က အလှူငွေကျပ်သိန်း၃၀၀ လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကိုယ်စား ဂေါပကအဖွဲ့ဝင် ဦးတင်ထွေးက လက်ခံရယူကြောင်း သိရသည်။ (ယာပုံ) (ဂေါပကအဖွဲ့)

ကချင်ပြည်နယ် ဖားကန့်မြို့ လုံခင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇူလိုင်၂၇ရက်က ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း) ၁၃ရပ်ကွက် ကျန်စစ်သားလမ်းရှိ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၏ ပဓာနနာယက တိပိဋကဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏တရားပွဲတွင် ဆရာတော်၏ကပ္ပိယကာရကဦးစောကြိုင်က ဆရာတော်၏ သာသနာပြုလုပ်ငန်းစဉ်နှင့် တိပိဋကအကြောင်း သိကောင်း စရာများကို ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

ဘုရားပလ္လင်တံကဲ ဂန္ဓကုဋိပိဋကတ်တိုက်နှင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဒါယကာ၊ ဒါယိကာမများ ဖြစ်ကြသော ဦးသန်းကျော်-ဒေါ်မြချစ်၊ ဦးမောင်ကြီး-ဒေါ်မြရင် နှစ်ဖက်သော မိဘများအား အမှူးထား၍ အမှတ် ၅၃ တရပ်ကျောင်းလမ်း စမ်းချောင်းမြို့နယ်နေ ဦးစိန်အေး-ဒေါ်ယဉ်ယဉ်နု၊ သမီး မစုစုအေး၊ မစုစုထွေး မိသားစုက ဒေါ်ယဉ်ယဉ်နု၏ (၆၃)နှစ်မြောက် မွေးနေ့အထိမ်း အမှတ်အဖြစ် စမ်းချောင်းမြို့နယ် ဇေယျဝတီ ကျောင်းတိုက် ပုညဝတီကျောင်း ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်းကို ဇူလိုင် ၂၇ ရက်က ပုညဝတီကျောင်း ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယထံ ဆက်ကပ် လှူဒါန်းစဉ်။ (ဂေါပကအဖွဲ့)

မိုးသီးနှံစိုက်ပျိုးရေး ကွန်ဟိန်း၌ တာဝန်ပေးအပ် အကျိုးပြုဇီဝဖျော်ရည်ပြုလုပ်သုံးစွဲနည်း သရုပ်ပြ

ကွန်ဟိန်း ဩဂုတ် ၁၅

ကွန်ဟိန်းမြို့နယ် လိုက်ကမ်ကျေးရွာအုပ်စု လိုက်ကမ်ရွာ၏ ၂၀၀၈ခုနှစ် မိုးသီးနှံစိုက်ပျိုးရေး တောင်သူများအား တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၉ရက် နံနက် ၉နာရီက လိုက်ကမ်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လိုက်ပါလာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် လိုက်ကမ်ကျေးရွာအုပ်စု မိုးသီးနှံစိုက်ပျိုးရေး တောင်သူများအား သက်ဆိုင်ရာ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းအလိုက် တာဝန်များပေးအပ်သည်။

လက်တွေ့သရုပ်ပြသ

ထို့နောက် အီးအမ်(အကျိုးပြုဇီဝ) ဖျော်ရည်ပြုလုပ်သုံးစွဲနည်း သရုပ်ပြပွဲ အခမ်းအနားကို လိုက်ကမ်ကျေးရွာ၌ ဆက်လက်ကျင်းပရာ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးစောအယ်ဒီက အီးအမ်(အကျိုးပြုဇီဝ) ဖျော်ရည်ပြုလုပ်ပုံ အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသသည်။

ကျင်းပ

အလားတူ ၂၀၀၈ခုနှစ် မိုးသီးနှံ စိုက်ပျိုးရေး တောင်သူများအား တာဝန်ပေးအပ်ပွဲနှင့် အီးအမ်(အကျိုးပြုဇီဝ)ဖျော်ရည်ပြုလုပ်သုံးစွဲနည်း သရုပ်ပြပွဲ အခမ်းအနားကို ကွန်ဟိန်းမြို့နယ် မြို့မကျေးရွာအုပ်စု ဝမ်ပန်ကျေးရွာ၌ ကျင်းပကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မိုးညှင်းမြို့ သာယာလှပရေး လုပ်ငန်းဆောင်ရွက်

မိုးညှင်း ဩဂုတ် ၂

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြ သန့်ရှင်းသာယာလှပရေးအတွက် ဇွန်၂၃ရက်က မြစ်ကြီးနား - ရွှေဘိုပြည်ထောင်စုလမ်းမကြီးဘေး မြေယာရှုခင်း အလှပြုပြင်ခြင်းကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ကြပ်မတ်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ရေးမြို့အဝင် မုခ်ဦး ပန်းခြံ သာယာလှပရေး ဆောင်ရွက်မှုကို ဇူလိုင် ၁၇ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖွံ့လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့အောင်မြင်ရန် စာကြည့်တိုက်ပညာသင်တန်းဖွင့်ရေး ဆွေးနွေး

မြစ်ကြီးနား ဩဂုတ် ၈

ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းလွင်သည် ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက ပြည်နယ်ရုံး၌ မြစ်ကြီးနား၊ ဗန်းမော်၊ ပူတာအို၊ မိုးညှင်း ခရိုင်များမှ ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးများ၊ ပြည်နယ်/ခရိုင်ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနား ကျင်းပသည်။

အောင်မြင်အောင်

အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းလွင်က ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ဦးစီးဌာနမှ ချမှတ်ထားသော လုပ်ငန်းတာဝန်(၁၁)ရပ် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အသေးစိတ်စီမံချက်များ ရေးဆွဲပြီး အောင်မြင်အောင် ဆောင်ရွက်ရေး၊ ဖွင့်လှစ်ပြီးသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရည်မှန်းချက်ကာလအထိ ရေရှည်တည်တံ့ခိုင်မာအောင် ဆောင်ရွက်ရေး၊ ဖွင့်လှစ်ရန်ကျန်သော ကျေးရွာများကိုလည်း စာကြည့်တိုက်များ ထပ်မံဖွင့်လှစ်နိုင်ရေး၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီစာရေးများအား စာကြည့်တိုက်မှူးတာဝန် လွှဲပြောင်းပေးအပ်ရာတွင် စနစ်တကျ လွှဲပြောင်းပေးရေး၊ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းများ ပို့ချရေးတို့ကို ရှင်းလင်းဆွေးနွေးမှာကြားကာ ခရိုင်ဦးစီးအရာရှိများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

ဩဂုတ် ၁၅ရက်က ဒဂုံမြို့နယ် အလက(၂)တွင် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအစီအစဉ်အရ ကျောင်းကျန်းမာရေးအဖွဲ့မှ ဦးဆောင်၍ Grade-1 မှ Grade-5 အထိ ကလေးများအား ကြက်သားဆန်ပြုတ် အာဟာရတိုက်ကျွေးကြစဉ်။ (ပညာရေး)



ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၁၈၀၁ Yamaha DT-125ယာဉ်လက်ဝယ်ရှိသူဒေါ်လင်ရင် ၁/ဝမန(နိုင်)၀၅၇၁၁၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၇၀၇၄ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးမန်းမော် ၉/ပသက(နိုင်)၀၀၀၆၀၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မောင်ဆွေ(တောင်ငူ)နှင့် အများသိစေရန် ကြေညာခြင်း

၆-၈-၂၀၀၈ရက်စွဲထုတ် မှုခင်းသတင်းဂျာနယ်တွင် "ခါးနာလို့အားကိုးပြီး ဆရာဆိုလို့ သွားပြပါတယ်" ခေါင်းစဉ်ဖြင့် မောင်ဆွေ(တောင်ငူ)ရေးသားပေးပို့သောသတင်း ပါရှိခဲ့ပါသည်။ ယင်းသတင်းသည် ဖြစ်ရပ်မှန် မဟုတ်သော အကြောင်းကိစ္စရပ်များ ဖော်ပြပါရှိပြီး ပုဂ္ဂိုလ်ရေးအရ အငြိုးထားကာ ဆရာဦးကျော်မြင့်၏ ဂုဏ်သိက္ခာကို ညစ်နွမ်းအောင် မမှန်မကန်လုပ်ကြံဖန်တီး ဖြည့်စွက်ရေးသားဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။ ဓာတ်ပုံမှာလည်း ခွင့်ပြုချက်ဖြင့် ရိုက်ကူးသော ဓာတ်ပုံမဟုတ်ဘဲ အခြားတစ်နေရာမှပုံကို လုပ်ကြံဖန်တီး ခိုးယူထားသော ပုံဖြစ်ပါသည်။

ဆရာဦးကျော်မြင့်သည် (B.Sc; Chemistry)ဘွဲ့ရတစ်ဦးဖြစ်ပြီး တိုင်းရင်းဆေး လေးဘာသာစာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့သူဖြစ်ပါသည်။ ဆေးကုသသက်တမ်း (၃၂)နှစ်ရှိပြီး ဖြစ်သည့်အပြင် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံများတွင် ညီလာခံကိုယ်စားလှယ်အဖြစ် အကြိမ်ကြိမ် တက်ရောက်ခွင့်ရခဲ့သူလည်းဖြစ်ပါသည်။ တိုင်းရင်းဆေးပညာဖြင့် အများပြည်သူ၊ ရဟန်းရှင်လူတို့ကို "မဟောသဓ"တိုင်းရင်းဆေးကုခန်း ဖွင့်လှစ်ကုသပေးနေပြီး တောင်ငူမြို့နယ်တွင် ဆေးခန်းသည် အမည်ကောင်းသတင်းဖြင့် လူသိများထင်ရှားသည့် ဆေးခန်းဖြစ်ပါသည်။

မောင်ဆွေ(တောင်ငူ)သည် ဆရာဦးကျော်မြင့် တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့သော တောင်ငူမြို့နယ် ဒုတိယမြို့နယ်တရားသူကြီး(၁)ရုံးမှ ပြစ်မှုဆိုင်ရာ အမှုအမှတ် (၁၃၁၅/၀၇)တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၅၀၀)အရ ပြစ်မှုထင်ရှား၍ ၂၂-၅-၂၀၀၈ရက်တွင် ပြစ်ဒဏ်စီရင်ချမှတ် ခံခဲ့ရသူဖြစ်ပါသည်။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှလည်း မောင်ဆွေ(တောင်ငူ)အား အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန် ၂၉-၇-၂၀၀၈ရက်တွင် ပြုလုပ်သော ဗဟိုအမှုဆောင် ကော်မတီအစည်းအဝေး (၇/၀၈)တွင် ဆုံးဖြတ်ခံခဲ့ရသူလည်း ဖြစ်ပါသည်။

သတင်းဖော်ပြမှုတွင် မမှန်မကန် အချက်အလက်များ၊ ထင်ကြေးနှင့်မှန်းဆရေးသားချက်များ၊ ဖြစ်ရပ်မှန်နှင့် ဆန့်ကျင်သော ဖော်ပြမှုများ၊ အမုန်းတရားနှင့် အငြိုးထားဖန်တီးဆောင်ရွက်မှုများသည် အသင်းအဖွဲ့များစွာ၌ အများအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ ဆရာဦးကျော်မြင့်၏ မွန်မြတ်သော တိုင်းရင်းဆေးဆရာဘဝကို များစွာထိခိုက်စေပါသည်။ ထို့ကြောင့် သတင်းရေးသားပေးပို့သူ မောင်ဆွေ(တောင်ငူ)မှာ ဥပဒေအရ တာဝန်ရှိလာမည်ဖြစ်ပါသည်။

၄င်းအပေါ်တွင် တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မှုခင်းသတင်းပါ ဆရာဦးကျော်မြင့်နှင့် ပတ်သက်သော သတင်းကိစ္စများသည် ဖြစ်ရပ်မှန်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဆရာဦးကျော်မြင့်၏ အတိအလင်းညွှန်ကြားချက်အရ-
ဒေါ်စန်းစန်းလှ (LL.B)
(စဉ်-၂၁၅၉၅)
အထက်တန်းရှေ့နေ
ရေတာရှည်မြို့နယ်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရင့်နောင်၊ မြေကွက်အမှတ် ည/၃၊ မြေဧရိယာ အကျယ်အဝန်း ၀ဒသမ၀၅၅၉ကေ(အလျားပေ ၄၀×အနံပေ ၆၀)ရှိ ၂၅နှစ် မြေငှားဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ည/၃၊ အသောကလမ်း၊ ဘုရင့်နောင်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် တိုက်အဆောက်အအုံနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးတိန်ကော့ဘိန်(ခ)ကျန်ကျပ်ဘိန် ၁၂/လမတ(နိုင်)၀၀၉၈၅၀နှင့် ဒေါ်အုန်းမြင့် ၁၄/ဟသတ(ဧည့်)၀၀၀၀၁၁တို့ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေတို့က ၈-၈-၂၀၀၈ရက်တွင် စရန်ပေး စာချုပ်ချုပ်ဆို၍ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအပြည့်အစုံ ယူဆောင်လာ၍ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မြင့်ခိုင်	**ဦးအောင်ဇော်မင်း(မြို့မ)**
B.Sc(Geol). Hons, H.G.P.	**B.Sc, H.G.P, R.L., D.B.L., D.M.L.**
အထက်တန်းရှေ့နေ(စဉ်-၁၆၃၄၅/၈၇)	**တရားရုံးချုပ်ရှေ့နေ(စဉ်-၄၉၉၆/၈၉)**

ရုံး-အမှတ်(၈၃/၁၀)ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၀၇၉၉။
ရုံး- Room(205), Summit Parkview Hotel,
Tel;(95-1)211888 / 211966 Ext(205).

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

နိုင်ငံခြားရေးဝန်ကြီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့တို့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၈

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

တွေ့ဆုံ

ထို့နောက် Mr. Gambari သည် မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများနှင့် လည်းကောင်း၊ ညနေ ၃ နာရီတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)နှင့် လည်းကောင်း၊ ညနေ ၃ နာရီ ၅၅ မိနစ်တွင် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့နှင့်လည်းကောင်း တွေ့ဆုံသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းက Mr. Gambari အား မြရိပ်ညိုရှိုင်ရယ် ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် **Mr. Ibrahim Agboola Gambari** ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ တာဝန်ရှိသူများနှင့် စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းမှ ဆန်အဝင်နည်းခြင်းမှာ ဆန်ဈေးကျနေ၍ဖြစ် မိုးရာသီတွင် ဆန်များကိုမရောင်းချဘဲ သိုလှောင်ထားပါက အရောင်းပြောင်း၍ ဈေးကျနိုင်သဖြင့် ဆန်ဈေးတက်စရာအကြောင်းမရှိ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

ဆိပ်ကမ်းဆန်ဂိုဒေါင်များတွင် လာရောက်အပ်နှံထားသော ဆန်အိတ်များဖြင့် ပြည့်ကျပ်လျက်ရှိသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်ဆိပ်ကမ်းနယ်မြေ ဝါးတန်းဆန်စပါးကုန်စည်အဝယ်ဒိုင်သို့ ဧရာဝတီတိုင်း မြို့နယ်များမှ ဆန်များဝင်ရောက်မှု နည်းပါးလာပြီဟု ကြားသိရသဖြင့် ဩဂုတ် ၁၈ ရက် နံနက်က လမ်းမတော်၊ မော်တင်၊ ဝါးတန်းဆိပ်ကမ်းများသို့ ကွင်းဆင်းသွားရောက်စေ့ငုခဲ့သည်။ ယခင်ရက်ပိုင်းများက ဆိပ်ခံဖောတံတားတိုင်းလိုလို ဧရာဝတီတိုင်း မြို့နယ်များမှ ဝင်ရောက်လာသော မော်တော်၊ စက်သမ္ဗန်များပေါ်မှ ဆန်အိတ်များကို လုပ်သားများသယ်တင်ကာ မော်တော်ယာဉ်များပေါ်သို့ တင်ချနေသည်ကို တွေ့ခဲ့ရသည်။ ယခုမူ အနည်းအကျဉ်းမျှသာ တွေ့ရသည်။ ဖြစ်စဉ်မှန်ကို သိရှိနိုင်ရန် ဝါးတန်းဆိပ်ကမ်းနယ်မြေ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်ဈေးကွက်သို့ သွားရောက်လေ့လာခဲ့သည်။

ကြီးကြပ်ဆောင်ရွက်ပေး

ကျယ်ဝန်းလှသော ဂိုဒေါင်ကျယ်ကြီးအတွင်း ဆန်အရောင်းအဝယ်ပြုလုပ်နေကြသည့် နယ်များမှဆန်လာရောက်ရောင်းချသူများ၊ ကုန်သည်ပွဲစားများ၊ ဆန်ကို ဂက်စ်မီးဖိုငယ်ဖြင့် လက်တွေ့ချက်ပြီး ဆန်အရည်အသွေး စမ်းသပ်နေကြသူများကို တွေ့ရသည်။ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင်များ၊ ဆန်စပါး ကုန်စည်ဒိုင် ကော်မတီဝင်များက ရောင်းသူ၊ ဝယ်သူတို့အား ကြီးကြပ်ဆောင်ရွက်ပေးနေသည်ကို မြင်ရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻